# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက် | ၂၀၂၃ ခုနှစ်၊ ဩဂုတ် ၁၉ ရက်၊ စနေနေ့ | အတွဲ (၆၂)၊ အမှတ်(၃၁၉)


### ဆင်းရဲဒုက္ခတို့ မကျရောက်

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

### ယနေ့ ဖတ်စရာ


**ဖူးရောက်စေချင်သည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဆီ ...**

ဆောင်းပါး စာ ၆

**တရားဝင်ရွှေ့ပြောင်းသွားလာလုပ်ကိုင်ရေး အလုပ်သမားဝန်ကြီးဌာနက ပံ့ပိုးကူညီဆောင်ရွက်ပေး**

ဆောင်းပါး စာ ၁၀

**အီသီယိုးပီးယားနိုင်ငံ၌ ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း စွမ်းအင်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၀၂ သန်းရရှိ**

နိုင်ငံတကာသတင်း စာ ၁၃

**လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် လျှပ်စစ်သုံးယာဉ်အတွက် အားသွင်းစက်များ ရန်ကုန်ဆိပ်ကမ်း ရောက်ရှိ**

ပြည်တွင်းသတင်း စာ ၁၄




## ကျောက်ပန်းတောင်းမြို့နယ်၌ သဘာဝအခြေခံခရီးသွားလုပ်ငန်း ဂဲမိုးအိုင်ခရီးစဉ်သစ် ဖော်ဆောင်ထားပြီး ခရီးသွားများ လာရောက်လေ့လာနိုင်

ညောင်ဦး ဩဂုတ် ၁၈

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ သဘာဝအခြေခံခရီးသွားလုပ်ငန်းအဖြစ် ဂဲမိုးအိုင်ခရီးစဉ်သစ်ကို ဖော်ဆောင်ထားရှိရာ ခရီးသွားများ လာရောက်လေ့လာနိုင်ကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ဂဲမိုးအိုင် ခရီးစဉ်ဒေသအသစ် ရှာဖွေဖော်ဆောင်ထားသည့် ဂဲမိုးအိုင်ခရီးစဉ်ဒေသအား ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန(ပုဂံရုံးခွဲ)မှ တာဝန်ရှိသူများ အကြိမ်ကြိမ်အခေါက်ခေါက်အခါခါသွားရောက်လေ့လာပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ရပ်ရွာအခြေပြုသဘာဝအခြေခံခရီးသွားလုပ်ငန်း အခြေခံအကြောင်းအရာများနှင့် ဂေဟစနစ်မပျက်ရှိနေသေးသည့် ပုပ္ပါးတောင်မကြီး တောင်ဘက်ခြမ်းအား ပြည်တွင်းခရီးသွားများသာမက ပြည်ပခရီးသွားများပါ စိတ်ဝင်စားမှုမြင့်တက်လာနိုင်ပြီး ဒေသခံများ


*စာမျက်နှာ ၁၂ ကော်လံ ၅* ❖





# ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရေး အစီအမံငါးရပ် အလေးထားလိုက်နာ

ယာဉ်မတော်တဆဖြစ်မှုများနှင့် အဆိုပါ ယာဉ်မတော်တဆဖြစ်မှုများကြောင့် ဖြစ်ပေါ်လာရသည့် ထိခိုက်ဒဏ်ရာရမှုများ၊ သေဆုံးမှုများ လျော့နည်းကျဆင်းသွားရန်၊ ယင်းမှတစ်ဆင့် လုံးဝပပျောက်သွားစေရန်ရည်ရွယ်၍ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အမျိုးသားယာဉ်အန္တရာယ်၊လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (National Road Safety Council – NRSC) သည် National Road Safety Action Plan (2021– 2030) နှင့်အညီ မြန်မာနိုင်ငံ၏ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကိစ္စများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

လမ်းပေါ်မတော်တဆမှု (Road Accident) များကြောင့် ထိခိုက်နစ်နာဆုံးရှုံးမှုများတွင် ဖွံ့ဖြိုးဆဲနိုင်ငံများက အများဆုံးဖြစ်နေသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကမ္ဘာတစ်ဝန်းတွင် လမ်းပေါ်မတော်တဆမှုများကြောင့် နှစ်စဉ်ပျမ်းမျှ လူ ၁ ဒသမ ၃ သန်းခန့် အသက်ဆုံးရှုံးနေရပြီး လူသန်းပေါင်း ၅၀ ကျော် ထိခိုက်ဒဏ်ရာရရှိနေသည်ဟု ထုတ်ပြန်ထားသည်။ ယာဉ်မတော်တဆမှုကြောင့် သေဆုံးရမှုများတွင် အာဖရိကနှင့် အရှေ့တောင်အာရှဒေသတို့က ထိပ်ဆုံးသို့ရောက်ရှိနေကြသည်။ ကမ္ဘာတစ်ဝန်း ယာဉ်စီးရေနှင့် ယာဉ်သုံးစွဲမှု တိုးတက်များပြားလာသည်နှင့်အမျှ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကလည်း ကြီးထွားလာလျက်ရှိရာ ကမ္ဘာတစ်ဝန်းလုံး၌ ဆယ်စုနှစ်အလိုက် စီမံချက်များ ချမှတ်ကာ ဟန့်တားထိန်းချုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးတွင် (၁)ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကြီးကြပ်မှု၊ (၂) ပိုမိုအန္တရာယ်ကင်းသောလမ်းများနှင့် ယာဉ်သွားလာမှု၊ (၃) ပိုမိုအန္တရာယ်ကင်းသောယာဉ်များ၊ (၄) ပိုမိုအန္တရာယ်ကင်းသည့်လမ်းအသုံးပြုသူများနှင့် (၅) ယာဉ်တိုက်မှုဖြစ်ပြီးပြီးချင်း တုံ့ပြန်ဆောင်ရွက်မှုဟူ၍ မဏ္ဍိုင်ကြီး (၅)ရပ်ကိုအခြေပြုကာ Decade of Action for Road Safety ကို အကောင်အထည်ဖော်လျက်ရှိသည်။ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီသည် ယာဉ်တိုက်မှုနှင့်သေဆုံး၊ ဒဏ်ရာရမှုများ လျော့နည်းကျဆင်းစေရေးအတွက် ယာဉ်မောင်းသူများသိရှိလိုက်နာစေရေး Quick Win အစီအမံ (၅) ရပ်ဖြစ်သော (၁) မော်တော်ဆိုင်ကယ်စီးသူများ အရည်အသွေးပြည့်မီသော ဆိုင်ကယ်စီးဦးထုပ်များ ဝတ်ဆင်မောင်းနှင်စေရေး၊ (၂) မော်တော်ယာဉ်မောင်းနှင်နေစဉ် လက်ကိုင်ဖုန်းအသုံးမပြုရေး၊ (၃) အရက်သေစာမူးယစ်သောက်စား၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်းမရှိစေရေး၊ (၄) မော်တော်ယာဉ်မောင်းနှင့် လိုက်ပါစီးနင်းသူများ အသက်ကယ်ထိုင်ခုံခါးပတ်ဝတ်ဆင်စေရေး၊ (၅) မော်တော်ယာဉ်မောင်းနှင်ရာတွင် သတ်မှတ်ထားသည့် အမြန်နှုန်းထက်ပို၍ မောင်းနှင်မှုမရှိစေရေးတို့ကို ချမှတ်ထားသည်။

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တွင် အထက်ပါ Quick Win အစီအမံ (၅) ရပ်ကို အလေးထားလိုက်နာကြရန် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်မှ ဩဂုတ်လ ၃၁ ရက်အထိ ပညာပေးကာလ သတ်မှတ်ထားပြီး နေပြည်တော်ကောင်စီနယ်မြေအတွင်း ယာဉ်မောင်းနှင်သွားလာနေကြသည့် ပြည်သူများနှင့် ဝန်ထမ်းများကို အသိပေးထားသည်။ လာမည့် စက်တင်ဘာလ ၁ ရက်နေ့တွင်မူ Quick Win အစီအမံ (၅) ရပ်ကို လိုက်နာရန် ပျက်ကွက်ပါက ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှုဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူသွားမည်ဖြစ်ရာ ဆိုင်ကယ်စီးလျှင် အရည်အသွေးပြည့်မီသည့် ဆိုင်ကယ်စီးဦးထုပ်မဆောင်းပါက ဒဏ်ငွေကျပ် ၃၀၀၀၀၊ ယာဉ်မောင်းစဉ် လက်ကိုင်ဖုန်းအသုံးပြုပါက ဒဏ်ငွေကျပ် ၃၀၀၀၀၊ ယာဉ်မောင်းစဉ် အသက်ကယ်ထိုင်ခုံခါးပတ် အသုံးမပြုပါက ဒဏ်ငွေကျပ် ၃၀၀၀၀၊ မူးယစ်သောက်စားမောင်းနှင်ပါက ဒဏ်ငွေကျပ် တစ်သိန်း၊ သတ်မှတ်ထားသော အရှိန်ထက်ကျော်လွန်မောင်းနှင်ပါက ဒဏ်ငွေကျပ် တစ်သိန်း ချမှတ်သွားမည်ဖြစ်ကြောင်း ကြေညာထားသည်။

Quick Win အစီအမံ (၅) ရပ်တို့သည် ယာဉ်တိုက်မှုနှင့် ယာဉ်တိုက်မှုကြောင့် ဒဏ်ရာရ၊ သေဆုံးမှုများ လျော့နည်းကျဆင်းရေးအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ရာ ယာဉ်အသုံးပြုသူ၊ လမ်းအသုံးပြုသူတိုင်းက လိုက်နာဆောင်ရွက်ကြရန် တာဝန်ရှိသည့်အလျောက် အလေးအနက်ထားကာ ပူးပေါင်းပါဝင်ကြခြင်းအားဖြင့် ဘေးရန်ကင်းကွာကြပါစေကြောင်း။ ။



# ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေး အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် ဩဂုတ် ၁၈**

အိမ်ရှင်အင်ဒိုနီးရှားနိုင်ငံနှင့် အာဆီယံ၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားနိုင်ငံ လာဘွန်ဘာဂျိုးမြို့၌ ကျင်းပမည့် (၁၇)ကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေး အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့တက်ရောက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့မှ အင်ဒိုနီးရှားနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တပ်မတော်အရာရှိကြီးများနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်နှင့် ဘာသာရပ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ လိုက်ပါသွားကြသည်။ **(အပေါ်ပုံ)**

(၁၇)ကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေး အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ဩဂုတ် ၂၀ ရက်မှ ၂၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြမည်ဖြစ်ပြီး ဆက်စပ်အစည်းအဝေးများသို့ အာဆီယံအပေါင်း ၃ (တရုတ်၊ ဂျပန်၊ ကိုရီးယား) နှင့်လည်းကောင်း၊ တရုတ်၊ ဂျပန်၊ ကိုရီးယား တစ်နိုင်ငံချင်းစီနှင့်လည်းကောင်း၊ ဝန်ကြီးအဆင့် အစည်းအဝေးများကို သီးခြားစီလည်းကောင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကိုပြင်ဆင်သည့် ဥပဒေ(၂၀၂၃ ခုနှစ်) (မူကြမ်း)နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၁၈

**ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေ(၂၀၂၃ ခုနှစ်) (မူကြမ်း) နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးသို့ ဥပဒေရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာစန်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၂၃ ခုနှစ်) (မူကြမ်း) အား အပြီးသတ် စိစစ်လေ့လာဆွေးနွေးပြီး လတ်တလောပြဋ္ဌာန်းရန် သင့်၊ မသင့်နှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းရာတွင် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေတွင် လက်ရှိအခြေအနေများနှင့် လိုက်လျောညီထွေမှုရှိစေရန် လိုအပ်ချက်များကို ဖြည့်စွက်ရန်လိုအပ်ကြောင်း တွေ့ရသဖြင့် ပြင်ဆင်သည့်ဥပဒေကို လတ်တလောပြဋ္ဌာန်းသင့်ကြောင်းနှင့် ပြင်ဆင်လိုသည့် ပုဒ်မများအား အပြီးသတ် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရသေ့တောင်မြို့နယ် စပါးထားကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေး

**ရသေ့တောင် ဩဂုတ် ၁၈**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် မိသားစုဝင်ငွေတိုးရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် မြစိမ်းရောင်စီမံကိန်းများ ဆောင်ရွက်ပြီး စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေများကို စဉ်ဆက်မပြတ် ထုတ်ချေးပေးလျက်ရှိသည်။

အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ဆက်လက်ထုတ်ချေးပေးလျက်ရှိရာ ဩဂုတ် ၁၆ ရက်က ရသေ့တောင်မြို့နယ် စပါးထားကျေးရွာ၌ မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေကျပ် ၃၄၅ ဒသမ ၀၅ သန်းကို ပုံစံ(၇-ခ)အရ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြစိမ်းရောင် အသင်းသား အသင်းသူ ၉၈ ဦးတို့ထံ နေ့ချင်းပြီးစနစ်ဖြင့် ထုတ်ချေးခြင်းကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးတင်မောင်ဦး (လက်ထောက် ညွှန်ကြားရေးမှူး၊ နည်းပညာ) နှင့်အဖွဲ့က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်လှဖြူ(ရမ်းဗြဲ)**

# မန္တလေး-ရန်ကုန်ခရီးစဉ်ပြေးဆွဲနေသော မြန်မာ့မီးရထားကုန်တင်ရထားကို အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲ တိုက်ခိုက်သည့်နေရာသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၈**

အကြမ်းဖက်သမားများက အများပြည်သူ အသုံးပြုလျက်ရှိသည့် ကားလမ်း၊ ရထားလမ်းများကို မိုင်းထောင်၊ ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ခြင်းများ လုပ်ဆောင်လျက်ရှိရာ ယနေ့တွင် မန္တလေးမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသည့် စက်ခေါင်းအမှတ် DF/2077 မန္တလေး –ရန်ကုန် ကုန်တင်ရထားကို ကညွတ်ကွင်းမြို့နှင့် တောကျွဲအင်းမြို့အကြား၌ မိုင်းထောင်ဖောက်ခွဲခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မန္တလေးမြို့မှ ရန်ကုန်မြို့သို့ ဩဂုတ် ၁၇ ရက် ညနေ ၅ နာရီခန့်၌ ထွက်ခွာလာသော စက်ခေါင်းအမှတ် DF/2077 မန္တလေး –ရန်ကုန် ကုန်တင်ရထားသည် တောကျွဲအင်းမြို့၏ အနောက်မြောက်ဘက်မီတာ ၂၀၀၀ ခန့်အကွာ ရထားလမ်းကြေးနန်း မိုင်တိုင်အမှတ် ၁၂၀/၀၊ တံတားအမှတ်၊ ၁၇၉ နေရာသို့ ယနေ့ နံနက် ၇ နာရီ မိနစ် ၅၀ တွင် ဖြတ်သန်းမောင်းနှင်စဉ် အကြမ်းဖက်သမားများက လက်လုပ်ရီမုမိုင်းတစ်လုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် စက်ခေါင်းနှစ်ခေါင်း၊ နားနေတွဲတစ်တွဲနှင့် ကုန်တွဲခြောက်တွဲတို့သည် လမ်း၏ ညာဘက်သို့ လမ်းချော်ခြင်း၊ ရထားသံလမ်းပေ ၁၅၀ ခန့် တွန့်လိမ်ပျက်စီးခြင်းနှင့် ဇလီဖားတုံးများ ကျိုးပဲ့ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပြီး ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရှိရသည်။



ဖြစ်စဉ်ဖြစ်ပွားရာ နေရာသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် သွားရောက်စစ်ဆေးကာ လမ်းချော်ကျတိမ်းမှောက်သွားသော စက်ခေါင်းနှင့် ကုန်တွဲများကို အမြန်ဆုံးပြန်လည်မတင်နိုင်ရေးနှင့် လမ်းပိုင်းအမြန်ပြုပြင်၍ ရထားများပုံမှန်ပြေးဆွဲနိုင်ရေးတို့အတွက် မြန်မာ့မီးရထားရုံးချုပ်မှ ဌာနအကြီးအကဲများကိုယ်တိုင် အနီးကပ်ကြီးကြပ်ဆောင်ရွက်သွားရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

နိုင်ငံတော်အနေဖြင့် မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့ရှိ အများပြည်သူ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့စေရေးအတွက် လူစီးရထားများ၊ ကုန်ရထားခရီးစဉ်များ အချိန်မှန်ပြေးဆွဲနိုင်ရေး အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း ပြေးဆွဲမှုနှောင့်နှေးကြန့်ကြာစေပြီး ခရီးသွားပြည်သူများနှင့် ကုန်စည်များ ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်စေရေး ယုတ်မာရက်စက်စွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှု ကျူးလွန်နေကြသည့် အကြမ်းဖက်အဖွဲ့များကို ဒေသခံပြည်သူတစ်ရပ်လုံးက ပြင်းထန်စွာဆန့်ကျင်ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော် 2023 GMS Economic Corridor Governors Forum ဒုတိယနေ့ GMS Projects Roadshow အစီအစဉ်များ၊ Lincang – Mekong Fruit Festival ၊ Lincang Border Economic Cooperation Zone နှင့် Dehong Pilot Free Trade Zone တို့၏ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ဖိတ်ခေါ်ရှင်းလင်းမှု အခမ်းအနားများသို့တက်ရောက်

ကူမင်း ဩဂုတ် ၁၈

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်၏ မြို့တော်ကူမင်းမြို့၌ ရောက်ရှိနေသော ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်သည် ယနေ့ နံနက်ပိုင်းတွင် ၂၀၂၃ ခုနှစ် ဂျီအမ်အက်စ် စီးပွားရေးစင်္ကြံ အုပ်ချုပ်သူများဆိုင်ရာဖိုရမ် (GMS Economic Corridor Governors Forum) ၏ ဒုတိယနေ့အဖြစ် GMS Projects Roadshow နှင့် လင်ချန်းနယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် (Lincang Border Economic Cooperation Zone) ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အခမ်းအနားသို့ တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားသည်။**



ပြည်ထောင်စု ဝန်ကြီးက လင်ချန်း နယ်စပ်ဒေသ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် ထူထောင်ဆောင်ရွက်မှုသည် ဂျီအမ်အက်စ် အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံအတွင်း တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းပေါင်း ၅၉၇ ခု၊ ပမာဏအားဖြင့် အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၈၆၃ ဘီလီယံ တန်ဖိုးရှိရာ စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏ၏ ၂၃ ဒသမ ၅ ရာခိုင်နှုန်း ရှိပါကြောင်း၊ တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် လျှပ်စစ်ကဏ္ဍတွင် အများဆုံးဝင်ရောက်ခြင်းဖြစ်ပြီး နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆိုပါကဏ္ဍကို အားပေးဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လျှပ်စစ်ကဏ္ဍသည် မြန်မာနိုင်ငံအတွက် အခြေခံကျသည့် လိုအပ်ချက်တစ်ခုဖြစ်သည့်အပြင် ရင်းနှီးမြှုပ်နှံမှုအတွက်လည်း အရေးကြီးသဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် အထူးကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း။

တရုတ်နိုင်ငံ၏ ပံ့ပိုးမှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကွမ်းလုံတံတား တည်ဆောက်ရေး စီမံကိန်းပြီးစီးပါက မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များကို တရုတ်နိုင်ငံသို့ အဆင်ပြေချောမွေ့စွာ တင်ပို့နိုင်ခြင်းဖြင့် နယ်စပ်ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများကို အတိုင်းအတာတစ်ခုအထိ ပိုမိုမြှင့်တင်နိုင်မည်ဖြစ်ပါကြောင်း၊ လင်ချန်းနယ်စပ်ဒေသ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်ရှိ International Aquatic Products Processing Industrial Park စီမံကိန်းသည်လည်း နှစ်နိုင်ငံအကြား နယ်စပ်ဒေသတစ်လျှောက် အကျိုးဖြစ်ထွန်းနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ လျှပ်စစ်သုံး မော်တော်ယာဉ်ကဏ္ဍအပါအဝင် စိုက်ပျိုးရေး၊ ဇီဝဆေးပညာ၊ ရေနေသတ္တဝါ၊ အအေးထိန်းပစ္စည်းများ ထောက်ပံ့ပို့ဆောင်ရေး၊ ယဉ်ကျေးမှုဖလှယ်ရေးဆိုင်ရာ ခရီးသွားလုပ်ငန်းကဏ္ဍ စီမံကိန်းများသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်က သတ်မှတ်ထားသည့် ဦးစားပေး မြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများဖြစ်သဖြင့် အဆိုပါကဏ္ဍများတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်လိုပါကြောင်း၊ စားနပ်ရိက္ခာဖူလုံမှုနှင့် စိုက်ပျိုးရေး ထုတ်ကုန်ထုတ်လုပ်မှု လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရန် အဖွဲ့ဝင်နိုင်ငံများအချင်းချင်း နည်းပညာ ပူးပေါင်းဆောင်ရွက်မှုများ ပံ့ပိုးပေးရန် မျှော်လင့်ပါကြောင်း တက်ရောက်လာကြသော မဲခေါင်ဒေသခွဲနိုင်ငံများမှ တက်ရောက်လာသူများနှင့် ရင်းနှီးမြှုပ်နှံလိုသူများကို ပြောကြားသည်။

မွန်းလွဲပိုင်းအခမ်းအနားတွင် ဒယ်ဟုန် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်နယ်ပါတီ ကော်မတီ အတွင်းရေးမှူး Mr. Jiang Shan နှင့် တာဝန်ရှိသူများက အမှာစကားပြောကြားပြီး ယူနန်ပြည်နယ် ပုဂ္ဂလိက စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ Mr. Yi Hong က တရုတ်နိုင်ငံ ယူနန်ပြည်နယ် ဒယ်ဟုန်ဒေသ လွတ်လပ်သော ကုန်သွယ်မှုရှေ့ပြေးဇုန် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တရုတ်– မြန်မာ နယ်စပ် ဒယ်ဟုန်ဒေသ (Dehong Area) တွင် ဆောင်ရွက်မည့် အဓိကလုပ်ငန်းစီမံကိန်း ခြောက်ခုနှင့်စပ်လျဉ်း၍ စွန့်ဦးတီထွင် ရင်းနှီးမြှုပ်နှံ၍ လုပ်ကိုင်နေကြသူများက လက်ရှိအခြေအနေနှင့် အနာဂတ် အလားအလာများကို ရှင်းလင်းတင်ပြကြသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ဩဂုတ် ၁၇ ရက် မွန်းလွဲပိုင်းတွင် Yunnan Haigeng Convention Center ၌ ကျင်းပပြုလုပ်သော 2023 GMS Economic Corridor Governors Forum ၏ GMS Project Roadshow and Lincang – Mekong Fruit Festival သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီအစည်းအဝေး (၂/၂၀၂၃) ကျင်းပ

## အသေးစားငွေရေးကြေးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်ဥပဒေ/စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန်လို





**နေပြည်တော် ဩဂုတ် ၁၈**

အသေးစား ငွေရေးကြေးရေး လုပ်ငန်း ကြီးကြပ်မှုကော်မတီ (၂/၂၀၂၃)အစည်းအဝေးကို ယနေ့ နံနက် ၁၁ နာရီတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် အသေးစား ငွေရေးကြေးရေး လုပ်ငန်းကြီးကြပ်မှု ကော်မတီဝင်များ၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများနှင့် မြန်မာနိုင်ငံ အသေးစားငွေရေးကြေးရေး လုပ်ငန်းများ ကူညီရေးအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆင်းရဲမှုလျော့ချရေးကို အထောက်အပံ့ဖြစ်စေ**

ဦးစွာ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီးဦးဝင်းရှိန်က မြန်မာနိုင်ငံ၏ အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကဏ္ဍတွင် ၂၀၁၁ခုနှစ်မှစ၍ အသေးစား ငွေရေးကြေးရေးလုပ်ငန်း ဥပဒေ ပြဋ္ဌာန်းပြီး ဆောင်ရွက်ခဲ့ရာ ဝင်ငွေနည်းပြည်သူများနှင့် MSME များအတွက် ကောင်းမွန်သော ငွေကြေးဝန်ဆောင်မှု ရရှိစေခြင်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့ချရေးကို ထိရောက်သော အထောက်အပံ့ဖြစ်စေခဲ့ကြောင်း၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ဥပဒေ/စည်းမျဉ်း၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်-၃၁) အရ INGO ၊ NGO အဖွဲ့အစည်းများသည် အကျိုးအမြတ်ရယူသော စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခွင့်မရှိသဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ဖြင့် အသေးစား ငွေရေးကြေးရေးလုပ်ငန်းများဆောင်ရွက်နေသော INGO၊ NGO အဖွဲ့အစည်းများအား ကုမ္ပဏီအဖြစ်ပြောင်းလဲခြင်းလုပ်ငန်းစဉ်များကို ခွင့်ပြုခဲ့ကြောင်း။

PGMF (INGO) အဖွဲ့အစည်းသည် သတ်မှတ်ကာလအတွင်း ကုမ္ပဏီအဖြစ် ပြောင်းလဲရေး လုပ်ငန်းစဉ်များ ပြီးပြတ်ခြင်း မရှိသဖြင့် လုပ်ငန်းပိတ်သိမ်းရေး ဆောင်ရွက်မည် ဖြစ်ကြောင်း၊ ကြီးကြပ်မှုကော်မတီသို့ တင်ပြမှုကို အသေးစားငွေရေးကြေးရေး လုပ်ငန်းဥပဒေ၊ စည်းမျဉ်း စည်းကမ်းနှင့်အညီ ဆက်လက်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ လက်ရှိသတ်မှတ်ထားသည့် ချေးငွေအပေါ်ကောက်ခံသော အတိုးနှုန်းနှင့် စုဆောင်းငွေအပေါ် ပေးအပ်သော အတိုးနှုန်းတို့ကို ဝင်ငွေနည်းပြည်သူများ၏ လူမှုစီးပွားရေးဘဝနှင့်လိုက်လျောညီထွေဖြစ်စေရန် အတိုးနှုန်းပြင်ဆင် သတ်မှတ်ရန် သင့်-မသင့် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အသေးစား ငွေရေးကြေးရေး လုပ်ငန်းကဏ္ဍ၏ လက်ရှိလုပ်ငန်းဆောင်ရွက်မှု၊ INGO ၊ NGO အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများ ကုမ္ပဏီအဖြစ် ပြောင်းလဲဖွဲ့စည်းမှု၊ PGMF (INGO) အဖွဲ့အစည်း၏ လုပ်ငန်းပိတ်သိမ်းမှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု၊ အတိုးနှုန်းပြင်ဆင်သတ်မှတ်ရန် သုံးသပ်တင်ပြထားမှု၊ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများ၏ နယ်မြေတိုးချဲ့မှု၊ မတည်ငွေရင်းထည့်ဝင်မှု၊ အစုရှယ်ယာရှင်ပြောင်းလဲမှု၊ ဒါရိုက်တာဘုတ်အဖွဲ့ ပြောင်းလဲမှု အပါအဝင် ကြီးကြပ်မှုကော်မတီက ဆွေးနွေးဆုံးဖြတ်ရန် အချက်များကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် မြန်မာနိုင်ငံ အသေးစား ငွေရေးကြေးရေး လုပ်ငန်းများ ကူညီရေးအသင်းမှ အသေးစား ငွေရေးကြေးရေး လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးတည်ဆောက်မှု သင်တန်းများ ဖွင့်လှစ်ပို့ချမှု၊ ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုနှင့် အသေးစား ငွေရေးကြေးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများ၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီမှ ဖြည့်ဆည်းဆောင်ရွက်ပေးရန် အချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဝင်များက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**ငွေကြေးဝန်ဆောင်မှုပေး**

၂၀၂၃ ခုနှစ် ဇူလိုင်လအထိ အသေးစား ငွေရေးကြေးရေး လုပ်ငန်း လုပ်ကိုင်ခွင့်ပြုပြီးသည့် အဖွဲ့အစည်းအနေဖြင့် INGO တစ်ဖွဲ့၊ NGO တစ်ဖွဲ့ ၊ ပြည်ပကုမ္ပဏီ ၅၅ ဖွဲ့၊ ပြည်တွင်းကုမ္ပဏီ ၁၁၅ ဖွဲ့နှင့် အစုစပ်ကုမ္ပဏီ ရှစ်ဖွဲ့၊ စုစုပေါင်းအဖွဲ့ ၁၈၀ ရှိပြီး တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခုရှိ မြို့နယ်ပေါင်း ၂၆၆ မြို့နယ်၊ ရပ်ကွက်ပေါင်း ၂၃၀၉ ရပ်ကွက်၊ ကျေးရွာပေါင်း ၂၇၇၂၂ ရွာရှိ အသင်းဝင်ဦးရေပေါင်း ၃ ဒသမ ၆ သန်းအား ငွေကြေးဝန်ဆောင်မှု ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် Chery Holding Group Co.,Ltd နှင့် Rich Resource International Investment Co.,Ltd တို့မှ ကိုယ်စားလှယ်အဖွဲ့အားလက်ခံတွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၁၈**

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Chery Holding Group Co.,Ltd Deputy CEO နှင့် Rich Resource International Investment Co.,Ltd Chairman & CEO Mr. Xu Hui ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။(ဓာတ်ပုံ)

တွေ့ဆုံစဉ် မြန်မာနိုင်ငံသို့ တရုတ်ခရီးသွား ဧည့်သည်များ ပိုမိုဝင်ရောက်လာရေး၊ ဗီဇာ ဖြေလျှော့ပေးရေး၊ တရုတ်ခရီးသွား ဧည့်သည်များ ငွေကြေးသုံးစွဲမှု လွယ်ကူချောမွေ့စေရေးတို့အတွက် ဆက်စပ် ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံ၏ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံလိုသူများကို ဖိတ်ခေါ်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံခရီးသွား ကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်ရေး၊ နယ်စပ်ဖြတ်ကျော် ခရီးသွားလုပ်ငန်း တိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် နှစ်နိုင်ငံခရီးသွားလုပ်ငန်း တိုးတက်ရေးအတွက် ဆက်လက်ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရန် အဆင့်မြင့်အရာရှိကြီးများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ နယ်ရုံးခွဲတာဝန်ခံများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ညီနောင်အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ ဒုဥက္ကဋ္ဌများ၊ ဟိုတယ်များမှ တာဝန်ရှိသူများနှင့် အဆိုပါဝန်ကြီးဌာန၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် တရုတ်ခရီးသွားများ ပြည်ပသို့ အဖွဲ့လိုက် ခရီးသွားခွင့်ပြုသည့်နိုင်ငံများ စာရင်း၌ မြန်မာနိုင်ငံ ပါရှိသည့်အတွက် ဝင်ရောက်လာမည့် တရုတ်ခရီးသွားဧည့်သည်များ အဆင်ပြေစွာ လာရောက် လည်ပတ်နိုင်ရေး အတွက် ခရီးစဉ်ဒေသစီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များကို အဆင်သင့်ဖြစ်နေစေရေး ကြိုတင်ပြင်ဆင်ထားကြရန် လိုအပ်ကြောင်း၊ ဝင်ရောက်လာသော ခရီးသွားဧည့်သည်များ ငွေကြေးသုံးစွဲမှု၊ လွယ်ကူချောမွေ့စွာ သွားလာလည်ပတ်နိုင်ရေးတို့အတွက်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် အာဆီယံနှင့် ဒေသတွင်းနိုင်ငံများနှင့် မျှော်မှန်းခရီးသွားဈေးကွက်နိုင်ငံများက ပြည်ပခရီးသွား ဧည့်သည်များ ပိုမိုဝင်ရောက်လာရေးအတွက် ဗီဇာဖြေလျှော့ပေးရေး၊ ရင်းနှီးကျွမ်းဝင်မှုခရီးစဉ်များစီစဉ်ရေး၊ ခရီးသွားမြှင့်တင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက ဟိုတယ်နှင့် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ရှေ့ဆက်ပူးပေါင်း ဆောင်ရွက်မည့်အခြေအနေများ၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်က မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ခရီးသွားဖိုရမ်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက လုပ်ငန်းများ ဆောင်ရွက်နေမှု၊ တွေ့ကြုံရသည့် အခက်အခဲများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက်ဆောင်ရွက်သင့်သည့်လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကာ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ယူနန်စိုက်ပျိုးရေးတက္ကသိုလ်၊ လော့စစ်ဝမ် နိုင်ငံတကာကူးသန်းရောင်းဝယ်ရေးမြို့တော်နှင့် ကူမင်း နိုင်ငံတကာပန်းရောင်းဝယ်ရေးစင်တာတို့ကို သွားရောက်လေ့လာ

**ကူမင်း ဩဂုတ် ၁၈**

တရုတ်နိုင်ငံ ကူမင်းမြို့၌ ရောက်ရှိနေသော ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အဖွဲ့သည် မဲခေါင်ဒေသနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့များနှင့်အတူ ယနေ့တွင် ကူမင်းမြို့ရှိ ယူနန်စိုက်ပျိုးရေးတက္ကသိုလ်၊ လူစစ်ဝမ် နိုင်ငံတကာကူးသန်းရောင်းဝယ်ရေးနှင့် ကူမင်း နိုင်ငံတကာ ပန်းရောင်းဝယ်ရေး စင်တာတို့ကို သွားရောက်လေ့လာကြသည်။

**လိုက်လံရှင်းလင်းပြသ**

နံနက်ပိုင်းတွင် ယူနန်စိုက်ပျိုးရေးတက္ကသိုလ်( Yunnan Agricultural University) သို့ ရောက်ရှိရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး စိုက်ပျိုးရေးဆိုင်ရာ သုတေသနစင်တာ (Data Center) တွင် သုတေသနပြုလုပ်၍ အချက်အလက်များ စုဆောင်းမှုနှင့် ဖြန့်ချိမှုလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကိုလည်းကောင်း၊ ကြက်မွေးမြူရေးပြတိုက်တွင် မျိုးရင်းကြက်များ၊ စပ်မျိုးကြက်များ၊ ဥနှင့်အသားထုတ်လုပ်မည့် ကြက်များဆိုင်ရာ လေ့လာစုဆောင်းထားမှုနှင့် ပညာမျှဝေဖြန့်ဖြူးရေး ဆောင်ရွက်မှုအခြေအနေကို လည်းကောင်း၊ ကျောင်းသား ကျောင်းသူများ ထုတ်လုပ်သည့် အစားအသောက်ဆိုင်ရာပြပွဲတွင် ယာစပါးအမျိုးမျိုး၊ ဖူးစား/နံ့စား ပြောင်းအမျိုးမျိုး၊ အာလူးနှင့် ကန်စွန်းဥအမျိုးမျိုး စမ်းသပ်ထုတ်လုပ်မှုများ အပြင် လက်ဖက်ခြောက်၊ စပျစ်ဝိုင်စသည်ဖြင့် ထုတ်လုပ်မှုများကိုလည်းကောင်း လိုက်လံရှင်းလင်းပြသကြသည်။

ယင်းတက္ကသိုလ်၌ ပါရဂူဘွဲ့ရယူနိုင်ရန် တက်ရောက်နေကြသည့် မြန်မာနိုင်ငံ ရေဆင်းတက္ကသိုလ်မှ ကျောင်းသူသုံးဦးအနက် နှစ်ဦးအား ပြည်ထောင်စုဝန်ကြီးက ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ ပညာသင်ကြားမှုအခြေအနေများကို မေးမြန်းကာ ပညာသင်ထောက်ပံ့ငွေ ပေးအပ်၍ ကျောင်းစားရိပ်သာ၌ နေ့လယ်စာ အတူသုံးဆောင်ကြသည်။



အဆိုပါ ယူနန်စိုက်ပျိုးရေးတက္ကသိုလ်သည် ကူမင်းမြို့တွင် စိုက်ပျိုးရေးကျောင်းအဖြစ် ၁၉၃၈ ခုနှစ်မှ စတင်တည်ထောင်၍ ၁၉၇၁ ခုနှစ်တွင် ယူနန်စိုက်ပျိုးရေးတက္ကသိုလ် (Yunnan Agricultural University) အဖြစ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများနှင့် ပြည်တွင်းမှ ကျောင်းသူစုစုပေါင်း သုံးသောင်းခန့် တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။ ယူနန်လယ်ယာစိုက်ပျိုးရေးတက္ကသိုလ် Yunnan Agricultural University ၌ ဒေသစင်တာတစ်ခုရှိပြီး ဒေသစင်တာမှ စုဆောင်းထားသည့် အချက်အလက်များအား ကုမ္ပဏီများကို ပေးပို့မှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

**သွားရောက်လေ့လာ**

မွန်းလွဲပိုင်းတွင် ကူမင်းမြို့ လော့စစ်ဝမ် နိုင်ငံတကာကူးသန်းရောင်းဝယ်ရေးမြို့တော် (Luosiwan International Trade City) ကိုသွားရောက်လေ့လာရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ရှေးဦးစွာ ရှေးဟောင်းရထားတွဲပုံစံပြုလုပ်ထားမှုဖြင့် ခေါ်ဆောင်၍ ဧည့်ခံသည်။

ဆက်လက်၍ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက ၎င်းတို့နေရာကို ဆိုင်ခန်းပေါင်း ၃၃၀၀၀ ကျော်ဖြင့် ဖွဲ့စည်းတည်ဆောက်၍ အဝတ်အထည်၊ လူသုံးကုန်နှင့် လျှပ်စစ်ပစ္စည်းများဖြင့် အဆောက်အအုံသုံးခုတွင် ဇုန်အလိုက် ခွဲခြားဆောင်ရွက်နေကြောင်း၊ ပြည်တွင်းထုတ်ကုန်များကို အခြေခံပြီး တောင်အာရှနှင့် အရှေ့တောင်အာရှသို့ ဖြန့်ချိသည့် လက်ကားရောင်းဝယ်ရေးစင်တာ ဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းတင်ပြပြီး စင်တာအတွင်းလိုက်လံရှင်းလင်းပြသသည်။ (ဓာတ်ပုံ)

အဆိုပါ လက်ကားဈေးမှာ တရုတ်နိုင်ငံ အနောက်တောင်ပိုင်းတွင် အကြီးဆုံးဖြစ်ပြီး တရုတ်နိုင်ငံ၌ တတိယအကြီးဆုံးဖြစ်ကာ လုပ်ငန်းများ တိုးတက်အောင်မြင်လျက်ရှိကြောင်း သိရသည်။

ညနေပိုင်းတွင် ကူမင်း နိုင်ငံတကာ ပန်းရောင်းဝယ်ရေးစင်တာ (Kumming International Flora Auction Trading center) သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ၎င်းတို့စင်တာသည် ကမ္ဘာပေါ်တွင် နံပတ်(၂)အကြီးဆုံးနှင့် အာရှနှင့် တရုတ်နိုင်ငံတွင် အကြီးဆုံးဖြစ်ပြီး ပန်းစိုက်ဧက သုံးသိန်းခွဲခန့်ဖြင့် တစ်နှစ်ပတ်လုံး စဉ်ဆက်မပြတ်စိုက်ပျိုးထုတ်လုပ်ရောင်းဝယ်နေကြောင်း၊ နေ့စဉ် ပန်းစည်း(၄/၅) သန်းခန့်ကို ပြည်တွင်းသို့ ၉၀ ရာခိုင်နှုန်းနှင့် ကျန် ၁၀ ရာခိုင်နှုန်းကို ပြည်ပသို့ ရောင်းချတင်ပို့နေကြောင်း၊ ပန်းများ အဆင်းအနံ့ အရည်အသွေး တိုးတက်စေရန် မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းတင်ပြပြီး စင်တာအတွင်း လိုက်လံရှင်းလင်းပြသခဲ့သည်။ **သတင်းစဉ်**



ကူမင်းနိုင်ငံတကာပန်းရောင်းဝယ်ရေးစင်တာကို တွေ့ရစဉ်။

# (၇) ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၇) ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်/သွင်းကုန် ကုန်စည်ပြပွဲ တတိယနေ့တွင် မြန်မာပြခန်းများ၌ ဝယ်ယူသူများဖြင့် စည်ကား

**နေပြည်တော် ဩဂုတ် ၁၈**

(၇) ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၇) ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်/သွင်းကုန် ကုန်စည်ပြပွဲ တတိယနေ့ကို ယနေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ရှိ Dianchi International Convention and Exhibition Center ၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ပြခန်းဆောင်၌ ယဉ်ကျေးမှုအကပဒေသာများဖြင့် ဖျော်ဖြေခဲ့ကြပြီး လာရောက် ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်။

GMS ဖိုရမ်သို့တက်ရောက်ရန် ကူမင်းမြို့၌ ရောက်ရှိနေသည့် မြန်မာနိုင်ငံမှ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီးများ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံ ပြခန်းဆောင်နှင့် မြန်မာနိုင်ငံမှ ပါဝင်ပြသလျက်ရှိသည့် ပြခန်းများကို လာရောက်ကြည့်ရှုအားပေးကြသည်။

ထို့ပြင် မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် တရုတ်စီးပွားရေးလုပ်ငန်းရှင်အဖွဲ့ ရှစ်ဖွဲ့သည် စီးပွားရေးတွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ခဲ့ပြီး သယ်ယူပို့ဆောင်ရေး (Logistics)၊ သစ်တောထွက်ကုန်များ၊ နှစ်နိုင်ငံအကြား ကုန်ပစ္စည်းတင်ပို့တင်သွင်းနိုင်မည့် အခြေအနေများကို ဆွေးနွေးကြပြီး မြန်မာနိုင်ငံမှ ကုန်ပစ္စည်းများကို ဝယ်ယူတင်သွင်းရာတွင် ချိတ်ဆက်ဆောင်ရွက်နိုင်ရန်နှင့် လိုအပ်သော သတင်းအချက်အလက်များကို အလွယ်တကူ ရှာဖွေရရှိနိုင်ရန်အတွက် မြန်မာနိုင်ငံ၌ Online Platform များ တည်ထောင်ထားမှု အခြေအနေနှင့်ပတ်သက်၍ တရုတ်စီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များ မေးမြန်းမှုအပေါ် ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြသည်။




ကုန်စည်ပြပွဲ တတိယနေ့တွင် မြန်မာပြခန်းများ၌ ဝယ်ယူသူများဖြင့် စည်ကားခဲ့ပြီး ကုန်စည်ပြပွဲကို ဩဂုတ် ၂၀ ရက်အထိ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဖူးရောက်စေချင်သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဆီ ...

မြင့်မောင်စိုး



မာရဝိဇယဘုရားကြီးအား ဖူးမြော်ရန်လာရောက်ကြသည့် အနယ်နယ်အရပ်ရပ်မှ ပြည်သူများကို ဩဂုတ် ၁၈ ရက်က စည်ကားစွာ တွေ့ရစဉ်။

- **ဘုရားကြီးကို မော့ဖူးရင်း တိမ်တောင်တိမ်လိပ်တွေကြားထဲက ကြွမြန်းလာသလိုလို၊ နတ်ဘုံနတ်နန်းထက်က တရားဟောနေသလိုလိုလို့တောင် ထင်မိပါသေးတယ်။ ကြည်ညိုသဒ္ဓါစိတ်ကတော့ အံ့မခန်းပါပဲ**
- **ပြောမယုံ ကြုံဖူးမှသိ ဆိုသလိုပါပဲ။ ကိုယ်တိုင်သွားရောက်ဖူးမြော်မှ ကိုယ်တိုင်ဘုရားဖူးရတဲ့ ပီတိစိတ်ကို ခံစားရရှိနိုင်မှာဖြစ်ပါတယ်**

"စကျင်ကျောက်နဲ့ ထုလုပ်ထားတဲ့ ဘုရားတွေထဲမှာတော့ ကမ္ဘာ့အမြင့်ဆုံးတဲ့"

"ပြီးတော့ မြတ်စွာဘုရားရဲ့ပိဋကတ် သုံးပုံကိုလည်း စကျင်ကျောက်ပြားတွေမှာ ပါဠိလိုရော၊ ရိုမန်နိုက်ဇ်လိုရော ဖတ်ရှုလေ့လာနိုင်အောင် ကျောက်စာရုံစေတီတွေကို ထည့်သွင်း တည်ဆောက်ထားတာတဲ့"

ဒီအချက် နှစ်ချက်နဲ့တင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးဖြစ်အောင်ဖူးမယ်၊ ရောက်အောင်ကို သွားမယ်ဆိုတဲ့စိတ်ကို တုံးတုံးချလိုက်တာ။ ဒါနဲ့ပြီးခဲ့တဲ့ စနေနေ့က ရုံးကားအစီအစဉ်နဲ့ သွားတာပေါ့။ ရုံးကားပေါ်မှာ ဝန်ထမ်းတွေအပြင် ဝန်ထမ်းမိသားစုတွေ၊ ခင်ရာမင်ရာ မိတ်ဆွေတွေလည်း ပါတာပေါ့။

ဘာပဲဖြစ်ဖြစ် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဥဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးခွင့်ရတော့မှာမို့ အားလုံးကရွှင်လန်းတက်ကြွနေတာပေါ့။ စိတ်ထဲမှာ ပြောမပြတတ်အောင် ကြည်ညိုသဒ္ဓါစိတ်တွေကလည်း ပွားများနေတာပေါ့။ လမ်းတစ်လျှောက်မှာ စိမ်းလန်းတဲ့ လယ်ကွင်းတွေ၊ ဘုရားစေတီတွေ၊ လမ်းမကျယ်ကြီးတွေ၊ အစီအရီရှိနေတဲ့ အဆောက်အအုံတွေ၊ စိန်ခြယ်လို၊ စိန်ပန်းလို ပန်းအလှပင်တွေကလည်း ရှုမျှော်မဆုံး။ သေချာတာကတော့ ဘုရားဖူးလာပြည်သူတွေရဲ့ရင်ထဲမှာ ဘုရားကြီးအား ဖူးမြော်ရတော့မယ်ဆိုတဲ့အသိနဲ့ စိတ်နှလုံးအေးချမ်းနေတာအမှန်ပါပဲ။

ဘုရားကြီးအဝင်လမ်းကလည်း ကောင်းလိုက်တဲ့ဖြစ်ခြင်း။ အသွားတစ်လမ်း၊ အပြန်တစ်လမ်း၊ လမ်းလယ်ကျွန်းနဲ့ ဘေးဝဲယာပန်းအလှတွေနဲ့အမြင်ဆန်းပါဘိ။ သာသာယာယာ ရှိလှပါဘိ။

### စည်ကားများပြား

ရုံးပိတ်ရက်ဖြစ်လို့ ဘုရားဖူးလာကားတွေကလည်း အကြီးအသေး စုံလို့။ ရုံးကား၊ အိမ်စီးကား၊ ဆိုင်ကယ်၊ တုတ်တုတ်ပါ မကျန်အောင် များပြားလိုက်သည့်ဖြစ်ခြင်း။ အသွား/အပြန် ယာဉ်မျိုးစုံနဲ့ ယောက်ယက်ခတ်လို့၊ ပြည့်ကျပ်နေလို့ ဘုရားမုခ်ဦးမရောက်မီကတည်းက ယာဉ်တွေလမ်းဘေးထိုးရပ်ပြီး လမ်းလျှောက်ကြရ။ စည်ကားများပြားလိုက်သည့်ဖြစ်ခြင်း။ ပျားအုံတုတ်နဲ့ထိုးသလို ဖွေးဖွေးလှုပ်သွားလာနေကြတဲ့ လူအစုအဝေးကြီး၊ လူအုပ်ကြီးတွေဆိုတာ အံ့မခန်းပါပဲ။ လူကြီး၊ လူငယ်၊ ဦးဦး၊ ဒေါ်ဒေါ်၊ အဘိုး၊ အဘွား၊ ရဟန်းသံဃာများပါမကျန် လူတိုင်းရဲ့ မျက်နှာများမှာတော့ ပျော်ရွှင်ခြင်း၊ ကြည်နူးခြင်း၊ ဝမ်းမြောက်ခြင်း၊ အေးချမ်းခြင်း အရိပ်အယောင်တွေက ပြည့်နှက်လို့နေ။ ဘုရားဖူးရတဲ့ ဝမ်းမြောက်ဝမ်းသာဖြစ်နေကြတဲ့ ပုံပန်းသဏ္ဌာန်ကို မြင်ရတော့ စိတ်ထဲက အမှတ်မထင် သာဓုသုံးကြိမ် ရေရွတ်လိုက်မိပါတော့တယ်။

ကျွန်တော်တို့အဖွဲ့ဟာ အဝင်မုခ်ဝကို ကျော်ဖြတ်ပြီး များမကြာမီ အဝင်၊ အထွက် စစ်ဆေးတဲ့ စစ်ဆေးရေးဂိတ်ကို ဖြတ်ရပါတယ်။ တာဝန်ကျဝန်ထမ်းတွေကလည်း ဖော်ဖော်ရွေရွေပါပဲ။ ဘုရားဖူးတဲ့လူတွေက များလွန်းတော့ အဖွဲ့လိုက်၊ အဖွဲ့လိုက် တစ်သုတ်ပြီး တစ်သုတ် ဝင်သွားကြတာ အဝင်လမ်းမကြီး တစ်ခုလုံးပြည့်သွားပါတယ်။ သက်ကြီးရွယ်အိုတွေနဲ့ကျန်းမာရေး သိပ်မကောင်းတဲ့သူတွေ၊ အသက်အရွယ်ကြီးသူတွေကတော့ မော်တော်ယာဉ်ငယ်(ဘာဂီ)လေးတွေ စောင့်စီးကြတာပေါ့။ ကျွန်တော်တို့အဖွဲ့ကတော့ လမ်းလျှောက်ရင်း အဝေးကနေ ဘုရားကြီးဆီကို ငေးမောလိုက်၊ ဘုရားဖူးပြီး ပြန်လာကြသူတွေကိုကြည့်လိုက်နဲ့ သုဓမ္မာဇရပ်တွေအနီး ရောက်လာကြပါတယ်။

ဇရပ်တွေထဲမှာလည်း လူတွေကအပြည့်။ ပါလာတဲ့ထမင်းချိုင့်ဖြည်စားသူစား၊ နားသူနား၊ တရားဘာဝနာ ပွားများသူကပွားများနဲ့ အတော်လေးကို စည်စည်ကားကား ရှိလှပါတယ်။ သုဓမ္မာဇရပ်တွေကတော့ ဘုရားကြီးရဲ့ ရှေ့မျက်နှာစာ၊ စကျင်ကျောက်သား ရင်ပြင်ကြီးရဲ့ ဘေးတစ်ဖက်တစ်ချက်မှာ ရှိနေတာပါ။ သုဓမ္မာဇရပ်ကခြောက်ဆောင်၊ မော်ကွန်းတိုက်၊ ဂေါပကရုံးတွေအပါဆိုရင်တော့ တစ်ဖက် လေးဆောင်စီနဲ့ အားလုံးပေါင်း ရှစ်ဆောင်ရှိပါတယ်။

### နတ်ပြည်ရောက်သွားသလို

သုဓမ္မာဇရပ်တွေကလည်း စုလစ်မွှမ်းချွန် အနုလက်ရာတွေ၊ ကနုတ်ပန်းတွေနဲ့ ဆောက်လုပ်ထားလိုက်တာ တကယ့်ကို နတ်ပြည်ရောက်သွားသလိုပါပဲ။ ရှေ့တည့်တည့်က စကျင်ကျောက်သား ရင်ပြင်မှာဆိုရင်လည်း ရေပန်းတွေနဲ့ အေးလို့၊ လမ်းလျှောက်သူလျှောက်၊ အမှတ်တရဓာတ်ပုံ ရိုက်သူရိုက်၊ ဘုရားဖူးမြော်သူက ဖူးမြော်နဲ့ တကယ့်ကိုပဲ စိတ်ချမ်းသာကိုယ်ချမ်းသာရှိလိုက်သည့်ဖြစ်ခြင်း။

ဘုရားကြီးရှိတဲ့ ရင်ပြင်ပေါ်မတက်မီ မင်္ဂလာတံတားမှာဆိုရင်လည်း လူတွေက ကြိတ်ကြိတ်တိုးလို့၊ မိန်းမပျိုငယ်လေးတွေကလည်း မင်္ဂလာတံတားကြီးနဲ့အတူ အမှတ်တရ ဓာတ်ပုံမှတ်တမ်းရိုက်သေးတယ်ဗျ။ တံတားကြီးရဲ့အောက် အမှတ်မထင် ငုံ့ကြည့်လိုက်ပြန်တော့လည်း ပဒုမ္မာကြာတွေတောင် ပွင့်လို့။ ဩော် ကျက်သရေမင်္ဂလာ ရှိလိုက်တဲ့ဖြစ်ခြင်း။

မင်္ဂလာတံတားကို မန္တလေးရတနာပုံ နန်းမြို့ အဝင်တံတားနဲ့ ပုံစံတူဆောက်ထားတာပါတဲ့။ မင်္ဂလာတံတားပေါ်ကနေ ဘုရားရင်ပြင်ပေါ်မတက်မီ နောက်ပြန်လှည့်ကြည့်မိလိုက်ပြန်တော့ ဖြူဖွေးနေတဲ့ စကျင်ကျောက်သားရင်ပြင်ပေါ်မှာ သွားလာလှုပ်ရှားနေကြတဲ့ ဘုရားဖူးပြည်သူတွေရယ်၊ သုဓမ္မာဇရပ်တွေမှာ အပန်းဖြေအနားယူနေကြသူတွေရယ်၊ ဟိုအဝေးမှာရှိနေတဲ့ ဖြူဖြူဖွေးဖွေး ကျောက်စာရုံစေတီတွေရယ်၊ အဂ္ဂါမိပတိမည်သော သာသနာ့ဗိမာန်တော်ကြီးရယ် အားလုံးကို လွမ်းခြုံကြည့်မိလိုက်တဲ့အခါမှာတော့ တကယ့်ကိုပဲ နတ်ပြည်ရောက်နေသလား အောက်မေ့မိသွားတယ်။

### ထူးခြားတဲ့ ကုသိုလ်စိတ်တိုးပွား

ဘုရားရင်ပြင်မှာတော့ ဘုရားဖူးပြည်သူတွေဟာ ထိုင်ပြီးဦးချလို့မရအောင် ပြည့်နှက်လို့ နေပါတယ်။ ဘုရားကြီးကို စူးစူးစိုက်စိုက် မော့ကြည့်ပြီး ရင်သပ်ရှုမော အံ့ဩမဆုံးဖြစ်နေသူတွေ၊ ပြုံးတော်မူဟန်ဘုရားကြီးကိုဖူးရင်း ပီတိသောမနဿဖြစ်နေသူတွေ၊ အမှတ်တရဓာတ်ပုံရိုက်သူတွေ၊ ဘုရားရှိခိုးဝတ်ပြုဆုတောင်းနေသူတွေကိုတွေ့ရတော့ အတော်လေးကို စိတ်ထဲမှာကြည်နူးမိပါတယ်။

ဘုရားကြီးကို သေချာစိုက်ပြီး ဖူးလေလေ ကြည်ညိုသဒ္ဓါစိတ်ပွားများလေလေ ဖြစ်နေတာကို သတိပြုမိပါတယ်။ တစ်ခါတလေ ဘုရားကြီးကို မော့ဖူးရင်း တိမ်တောင်တိမ်လိပ်တွေကြားထဲက ကြွမြန်းလာသလိုလို၊ နတ်ဘုံနတ်နန်းထက်က တရားဟောနေသလိုလိုလို့တောင် ထင်မိပါသေးတယ်။ ကြည်ညိုသဒ္ဓါစိတ်ကတော့ အံ့မခန်းပါပဲ။ သေချာတာတစ်ခုကတော့ ဘုရားကြီးကို ကိုယ်တိုင်ကိုယ်ကျလာရောက်ဖူးမြော်ရတာဟာ သတင်းစာတွေမှာ၊ ရုပ်မြင်သံကြားမှာ ဖူးတွေ့ရတာနဲ့ လုံးဝမတူပါဘူး။ ကိုယ်တိုင်သွားရောက် ဖူးမြော်ရတဲ့အရသာကတော့ ပြောပြလို့မတတ်အောင်ပါ။ တကယ့်ကို ထူးခြားတဲ့ ကုသိုလ်စိတ်တိုးပွားလာမှာအမှန်ပါပဲ။ တကယ်ရောက်ဖူးမှ တကယ်သိမှာဖြစ်ပါတယ်။ ပြောမယုံ ကြုံဖူးမှသိ ဆိုသလိုပါပဲ။ ကိုယ်တိုင်သွားရောက်ဖူးမြော်မှ ကိုယ်တိုင်ဘုရားဖူးရတဲ့ ပီတိစိတ်ကို ခံစားရရှိနိုင်မှာဖြစ်ပါတယ်။

ဘုရားကြီးရဲ့ ရှေ့တည့်တည့်အောင်မြေမှာတော့ အသက်အရွယ်ကြီးသူတွေက အောင်မြေနင်းရင်း အောင်ဆုတွေတောင်းနေလိုက်ကြတာ နေရာမလပ်အောင် ပြည့်ကျပ်လို့နေပါတယ်။ ဘာအောင်ဆုတွေတောင်းနေသလဲတော့ မသိ။ သားရေး၊ သမီးရေး၊ စီးပွားရေး၊ ကြီးပွားချမ်းသာရေး၊ လူချမ်းသာနတ်ချမ်းသာဖြစ်ရေး စုံလို့နေမှာပေါ့။ ဘာပဲဖြစ်ဖြစ် တောင်းဆုတွေ ပြည့်ပါစေ၊ အောင်ပါစေလို့ ဆုတောင်းပါတယ်ဗျာ။

ဒါနဲ့အောင်မြေဆိုလို့ ပေါ့ပေါ့တန်တန်အောင်မြေလို့တော့ မမှတ်လိုက်နဲ့။ နိုင်ငံတစ်ဝန်းရှိ အောင်မြေဌာနပေါင်း ၃၅ ဌာနက အောင်မြေတွေနဲ့ ဝိဇယဘူမိနိမ္မာနအောင်မြေအဖြစ် တည်ထားတာတဲ့။ ဘာပဲဖြစ်ဖြစ် အောင်ဆုအဖြာဖြာ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ။

### သဒ္ဓါမိပတိခေါင်းလောင်းတော်ကြီး

ပြီးတော့ဘုရားကြီးရဲ့ ဝဲဘက်ထောင့်တစ်နေရာမှာ သဒ္ဓါမိပတိ ခေါင်းလောင်းတော်ကြီးဆိုတာလည်း ရှိသေးတယ်။ ဒီခေါင်းလောင်းတော်ကြီးကိုတော့ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နဲ့ ဇနီး၊ သား၊ သမီး၊ မြေးများ မိသားစုက လှူဒါန်းထားတာဖြစ်ပါတယ်။ ကြေးပိဿာချိန် ၇၃၈ ပိဿာ ရှိတယ်။ အမြင့်က ၅ ပေ၊ ထိပ်ဝအကျယ် ၄ ပေ ၁ လက်မတဲ့။ ထူးခြားတာကတော့ ခေါင်းလောင်းတော်ကြီးရဲ့ အမည်ကို သဒ္ဓါမိပတိလို့ ပေးထားတာပဲ။ အတော်သင့်မြတ်ကောင်းမွန်တဲ့အမည်ပါ။ ***စာမျက်နှာ ၇ သို့***

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများထံ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပုံတူဆင်းတုတော်များ ဆက်ကပ်လှူဒါန်း၍ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူ

**နေပြည်တော် ဩဂုတ် ၁၈**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ဒုတိယဝန်ကြီး ဦးအေးထွန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မဟာသီဟနာဒကျောင်းတိုက် ပဓာနနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏ မဟာထေရ်မြတ်အား သွားရောက်ဖူးမြော်ကြည်ညို၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပုံတူဆင်းတုတော်ကို ဆက်ကပ်လှူဒါန်းသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး မဟာသီဟနာဒကျောင်းတိုက် ပဓာနနာယက ဆရာတော်က **"မိတ်ကျင့်မြဲမြံ၊ ဖွဲ့အားသန်၊ သည်းခံရောင့်ရဲသူ"** ဆိုသည့်အတိုင်း မိတ်ဆွေကျင့်ဝတ်မြဲခြင်း၊ မည်သည့်အလုပ်မဆို ဖွဲ့ကောင်းခြင်း၊ သည်းခံနိုင်ခြင်း ဂုဏ်သုံးမျိုးဖြင့် ပြည့်စုံပါက လုပ်ငန်းများဆောင်ရွက်ရာတွင် အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ အဆိုပါ ဂုဏ်သုံးမျိုး ပြည့်စုံသည့်ပုဂ္ဂိုလ်သည် **"ကောင်းဂုဏ်ရနံ့ ဘုံအနှံ့ ထွန်းပျံ့တလူလူ"** ဖြစ်မည်ဖြစ်ကြောင်း၊ **"ကိုယ့်စိတ်အကြံ ကိုယ့်ဓိဋ္ဌာန် နိဗ္ဗာန်လွယ်လွယ်ကူ"** ဆိုသည့်အတိုင်း ဘုရားသာသနာတော်၏ အဓိကပန်းတိုင်မှာ နိဗ္ဗာန်ဖြစ်ကြောင်း၊ မိမိစိတ်၊ မိမိဓိဋ္ဌာန်တို့ကို ဖွဲ့ကောင်းကောင်းဖြင့် ဂုဏ်သုံးမျိုးနှင့်အညီ ဆောင်ရွက်ပါက ဘာမဆို မဖြစ်နိုင်ဟူ၍ မရှိကြောင်း၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပုံတူဆင်းတုတော်အား ပူဇော်ခွင့်ရရှိသဖြင့် ဝမ်းမြောက်နမော်သာခုခေါ်ကြောင်း ဩဝါဒမိန့်ကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တပ်ကုန်းမြို့ မဟာသီဟနာဒကျောင်းတိုက် ပဓာနနာယကဆရာတော်အား မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပုံတူဆင်းတုတော်နှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပုဗ္ဗသီရိမြို့နယ် အောင်စည်သာပရိယတ္တိစာသင်တိုက် ပဓာနနာယက၊ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိစက္ခဏ ဆရာတော်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးပုံတူ ဆင်းတုတော်ကို ဆက်ကပ်လှူဒါန်းသည်။



အောင်စည်သာ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်က အစွန်းနှစ်ပါးရှောင်ကြဉ်၍ မဇ္ဈိမပဋိပဒါလမ်းစဉ်၊ မဂ္ဂင်ရှစ်ပါးလမ်းစဉ်တို့နှင့်အညီ ကျင့်ကြံဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ပညာမဂ္ဂင်နှစ်ပါး၊ သီလမဂ္ဂင်သုံးပါး၊ သမာဓိမဂ္ဂင် သုံးပါးတို့ကို သတိတရားလက်ကိုင်ထား၍ ကျင့်သုံးလိုက်နာဆောင်ရွက်မည်ဆိုလျှင် လုပ်ငန်းကိစ္စအဝဝ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပုံတူဆင်းတုတော်အား ပူဇော်ခွင့်ရရှိသဖြင့် ဝမ်းမြောက်နမော် သာခုခေါ်ပါကြောင်း ဩဝါဒမိန့်ကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အောင်စည်သာ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်ကြီးအား မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပုံတူဆင်းတုတော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ပြင်ဦးလွင်ခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများ လိုက်လံကြည့်ရှု

**မန္တလေး ဩဂုတ် ၁၈**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်းနှင့် တာဝန်ရှိသူများ၊ ပြင်ဦးလွင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ကျော်ထွန်းနှင့် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်ခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဝက်ဝံကျေးရွာအုပ်စု၊ မြိုင်ကြီးဈေးကုန်းကျေးရွာ၊ ကျွန်းတပင်ကျေးရွာ၊ ကွင်း(၄) ကွင်းရှိ ၄၅ ဧကတွင် စိုက်ပျိုးထားသည့် မိုးစပါး တင်း ၁၀၀ အထက်ထွက်ရှိရေး ရွှေရင်အေးစံပြစပါးစိုက်ခင်းနေရာသို့ ရောက်ရှိရာ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတိုးမင်းနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တစ်ဧကအထွက်နှုန်းတိုးတက်ရန် မျိုး၊ မြေ၊ ရေ၊ နည်းမှန်ကန်ကိုက်ညီမှုရှိရေး၊ ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေးအားလုံးဝိုင်းဝန်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ပြောကြားပြီး စိုက်ကွင်းအတွင်း လိုက်လံကြည့်ရှုသည်။ (ဝဲပုံ)



ဆက်လက်၍ ဝက်ဝံကျေးရွာရှိ မိုးနေကြာ မျိုးစေ့ထုတ်စံပြကွက် စိုက်ဧက ၂၅ ဧကတွင် ရေဆင်းစပ်မျိုး-၁ စိုက်ပျိုးထားမှုနှင့် အစေ့ထုတ်ပြောင်းမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်အတွင်း TP-1၊ ရွှေမြေ ၂၁၊ ရွှေမြေ ၁၀၊ ရွှေမြေ ၁၂ စမ်းသပ်စိုက်ပျိုးထားမှုများကို လိုက်လံကြည့်ရှုပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်ရေးနှင့် သုတေသန ဖွံ့ဖြိုးရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရေး၊ တောင်သူများလက်ဝယ် အချိန်နှင့်တစ်ပြေးညီ လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရေးတို့ကို ကြိုးစားဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း ပြောကြားပြီး စံပြစိုက်ကွင်းများအတွင်း လိုက်လံကြည့်ရှုသည်။

ယင်းနောက် ပြင်ဦးလွင်ခရိုင် အားကစားကွင်းသို့ ရောက်ရှိပြီး ပရိသတ် ၁၀၀၀ ဆံ့ အဆင့်မြင့် ပွဲကြည့်စင် တည်ဆောက်ပြီးစီးမှုနှင့် အားကစားကွင်း အုတ်တံတိုင်း တည်ဆောက်ပြီးစီးမှုတို့ကိုကြည့်ရှုကာ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြေပုံကျေးရွာအုပ်စု မြေပုံကျေးရွာရှိ အလုံပိတ် အအေးခန်းစနစ်ဖြင့် ဥစားကြက် မွေးမြူရေးခြံသို့ ရောက်ရှိပြီး ခြံမှတာဝန်ရှိသူများက ကောင်ရေ ၃၀၀၀၀ ဆံ့ အလုံပိတ် အအေးခန်းစနစ်ပါ အဆောင်နှစ်ဆောင်ဖြင့် ကြက်ကောင်ရေ ၆၀၀၀၀ မွေးမြူထားရှိမှု၊ တစ်ရက်လျှင် ကြက်ဥ ၄၈၀၀၀ ထွက်ရှိမှု၊ ဈေးကွက်အတွင်း ဖြန့်ချိမှုနှင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခြေအနေများအား ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးပြီး မွေးမြူထားမှုအခြေအနေများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

ဘာကြောင့်လဲဆိုတော့ သူတော်ကောင်းဥစ္စာ ခုနစ်ပါးထဲမှာ သဒ္ဓါ၊ သီလ၊ ပညာ၊ စာဂ ဆိုတာတွေပါတယ်မဟုတ်လား။ ဒီထဲမှာ သဒ္ဓါက အရေးအကြီးဆုံးပဲ။ သဒ္ဓါမရှိရင် ဘာမှလုပ်လို့မရဘူး။ သဒ္ဓါရှိမှ လုပ်လို့ရတာ။ သဒ္ဓါဆိုတာ ယုံကြည်မှု။ ယုံကြည်မှုရှိမှ လုပ်လို့ရတာ။ ဒါနပဲပြုပြု၊ သီလပဲဆောက်တည် ဆောက်တည်၊ ဘာဝနာပဲပွားပွား သဒ္ဓါက အရေးအကြီးဆုံးအချက်ပဲ။ ဒါကြောင့် မိုးကုတ်ဆရာတော်ဘုရားကြီးက သဒ္ဓါတစ်လုံး ကောင်းလိုက်တာနဲ့ပဲ အပါယ်လေးပါးကျစေတတ်တဲ့ ဒိဋ္ဌိယ ကင်းစင်အောင် လုပ်နိုင်ပါသတဲ့။ ဖြစ်ပျက်မြင်တဲ့ ဝိပဿနာတရားအားထုတ်ဖို့ဆိုရင် သဒ္ဓါဆိုတဲ့ ယုံကြည်မှုဆိုတာ အရေးအကြီးဆုံးပဲတဲ့။ ဒါကြောင့်မို့ ဒါနတွေပြုကြဖို့၊ သီလတွေမြဲကြဖို့၊ ဘာဝနာတွေပွားများကြဖို့ သဒ္ဓါဓိပတိခေါင်းလောင်းတော်ကြီးက အသိပေးနေသလိုပါပဲ။ ဒါကြောင့် ဘုရားဖူးရောက်တုန်း ရောက်ခိုက်ခေါင်းလောင်းလည်း ထိုးကြပါ။ ဒါန၊ သီလ၊ ဘာဝနာဆိုတာတွေလည်း တတ်နိုင်သလောက်လုပ်ကြပါ။

**ဂန္ဓကုဋိတိုက်တွေဆီ**

ကျွန်တော်တို့ ဘုရားဖူးအဖွဲ့ဟာ ရုပ်ပွားတော်မြတ်ကြီးရဲ့ ဘေးတစ်ဖက်တစ်ချက်နဲ့ အနောက်ဘက်မှာရှိနေတဲ့ ဂန္ဓကုဋိတိုက်တွေဆီလည်း ရောက်ကြသေးတယ်။ ဒီဂန္ဓကုဋိတိုက်တွေကိုလည်း စကျင်ကျောက်တွေနဲ့ ဆောက်လုပ်ထားတာ တွေ့ရတယ်။ စုစုပေါင်း ၂၄ ဆောင်တောင်ရှိတယ်။ အထဲမှာတော့ ၂၄ ပစ္စည်းပဋ္ဌာန်းမြတ်ကို တစ်ခုတစ်ဆောင်နှုန်း ကျောက်ထွင်းပန်းချီတွေ ရေးထွင်းထားတာလည်း အနုလက်ရာ မြောက်လှပေတယ်။ စကျင်ကျောက်သားပေါ်မှာ ရေးထွင်းထားတာဆိုတော့ ဘယ်တော့မှ ပျောက်ကွယ်သွားတော့မှာ မဟုတ်ပါဘူး။ ဒီဂန္ဓကုဋိတိုက်တွေဆိုတာကလည်း ၂၄ ဆောင် ဆက်ပြီး ဆောက်ထားတာဆိုတော့ စကြံလမ်းလိုဖြစ်နေတာပေါ့။ ဘုရားဖူးပြည်သူတွေဟာ သုဓမ္မာဇရပ်တွေထဲကနေ တစ်ဆက်တည်း ဂန္ဓကုဋိတိုက်တွေဆီ လျှောက်လာမယ်ဆိုလည်း ရပါတယ်။ ဂန္ဓကုဋိတိုက်တွေထဲမှာ ဗုဒ္ဓဝင်ဆိုင်ရာ ဇာတ်နိပါတ်တော်လာ သရုပ်ဖော်ပန်းချီကားတွေ ချိတ်ဆွဲပြသထားတာကြောင့် ဘုရားဖူးသူတွေအတွက်တော့ တကယ့် ဗဟုသုတဟင်းလေးအိုးကြီးလို့ ဆိုရမှာပဲ။ သိစရာ၊ မှတ်စရာတွေက စုံလို့ပေါ့။ ပန်းချီကားကြီးတွေနဲ့ အောက်ခြေဘက်မှာ ပန်းချီကားအကြောင်းအရာတွေ ရေးသားထားတာမို့ သရုပ်ဖော်ထားတဲ့ ပန်းချီကားအကြောင်းကို သိရ၊ မှတ်သားရမှာပါ။

**ဘုရားလည်းဖူး ဗဟုသုတလည်းရ**

ဒီလိုဗုဒ္ဓဝင်ဆိုင်ရာ ပန်းချီကားတွေကို ဂန္ဓကုဋိတိုက်တွေရဲ့အပေါ်ဘက် ထောင့်လေးထောင့်မှာ ချိတ်ဆွဲပြသထားတာဆိုတော့ ဘုရားလည်းဖူး ဗဟုသုတလည်းရပြီပေါ့ ။ ဂန္ဓကုဋိတိုက်တွေထဲက ပန်းချီကားတွေကို ကြည့်ရှုရင်း တစ်ဆောင်ပြီး တစ်ဆောင် ကူးလာလိုက်တာ နောက်ဆုံးတော့ ဝိသုံဂါမသိမ်တော်ကြီးခေါ် အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီးဆီလည်း ရောက်ခဲ့ပါသေးတယ်။ တကယ့်ကိုပဲ ကြီးကျယ်ခမ်းနားတဲ့ အဆောက်အဦကြီးပါပဲ။ အထဲမှာလည်း မီးလုံးတွေ ထွန်းထားတာလင်းလို့၊ ထိန်လို့၊ လေအေးပေးစက်တွေ လွှတ်ထားတာလည်း အေးလို့၊ စိမ့်လို့။ အထဲကဘုရားကိုလည်း အဝင်ဝကနေထိုင်ပြီး ရှိသေလေးမြတ်စွာ ဖူးမြော်ကန်တော့နိုင်ပါတယ်။

မုစလိန္ဒကန်နဲ့ နဂါးရုံဘုရား၊ ကျောက်စာရုံစေတီများကိုတော့ ဒီတစ်ခေါက်မှာ အဝေးကပဲ လှမ်းဖူးလိုက်ပါတယ်။ အချိန်မရတော့လို့ နောက်တစ်ခေါက်ရောက်တော့မှ အသေးစိတ်လေ့လာပါဦးမယ်။ ။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်လူ၊ ဘုရားဖူးပြည်သူအပေါင်း လာရောက်ဖူးမြော်ကြည်ညို ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်နိုင်ရန် စက်တင်ဘာ ၃ ရက်အထိ ထပ်မံရက်တိုးမြှင့်သတ်မှတ်



**နေပြည်တော် ဩဂုတ် ၁၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော် အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်း၊ ရှင်လူ၊ ဘုရားဖူးပြည်သူအပေါင်း အခမဲ့လာရောက်ဖူးမြော်နိုင်ရန် ဩဂုတ် ၈ ရက်မှ စတင်၍ နံနက် ၆ နာရီမှ ည ၈ နာရီအတွင်း ဖွင့်လှစ်ထားရှိရာ ယနေ့ ဩဂုတ် ၁၈ ရက်တွင်လည်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများတဖွဲဖွဲဖြင့် အထူးစည်ကားလျက်ရှိသည်။

ယနေ့ ဩဂုတ် ၁၈ ရက်နေ့တွင် ဘုရားဖူးလာပြည်သူများအနေဖြင့် ယာဉ်ကြီး၊ ယာဉ်ငယ်၊ မော်တော်ဆိုင်ကယ်များဖြင့်ပါမကျန် အမျိုးမျိုးသောယာဉ်များဖြင့် ခရီးနှင်ရောက်ရှိလာကြသည်ကိုလည်း တွေ့ရသည်။ မိုးဖွဲလေးများ ကျနေသော်လည်း ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူအပေါင်းတို့ ကျိတ်ကျိတ်တိုးစည်ကားလျက်ရှိရာ မာရဝိဇယဘုရားကြီး၏ မုခ်ဦးဝတွင် ယခင်ရက်များနည်းတူ စည်းကမ်းတကျ၊ စနစ်တကျဖြင့် ယာဉ်များရပ်တန့်ပြီး ဘုရားဖူးလာပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုနိုင်ရန် လုံခြုံရေးအဖွဲ့များအနေဖြင့် စစ်ဆေးကြပ်မတ်ခြင်းကိုလည်း ပြည်သူများ ကြည်ဖြူစွာအစစ်ဆေးခံကြသည်။

ဘုရားကြီးရင်ပြင်တော်ပေါ်သို့ အသုတ်လိုက်အသုတ်လိုက်ဖြင့် တက်ရောက်ဖူးမြော်နေကြသည့် ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများက ပန်းရေချမ်းဖြင့် မာရဝိဇယဘုရားကြီးအား ကပ်လှူပူဇော်ကြခြင်း၊ ပဋ္ဌာန်းဘာဝနာပွားများကြခြင်း၊ ဆုတောင်းမေတ္တာပို့သကြခြင်းများဖြင့် စိတ်နှလုံးအေးချမ်းဖွယ်ရှိလှပါသည်။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ထားပူဇော်ထားသည့် ရင်ပြင်တော်ပတ်လည်၌ ဂန္ဓကုဋိတိုက် ၂၄ ဆောင်ကို စကျင်ကျောက်များဖြင့် တည်ဆောက်ထားရှိရာ ဘုရားဖူးပြည်သူများအနေဖြင့် စိတ်အေးချမ်းသာစွာ ဂန္ဓကုဋိတိုက်တော်များအတွင်းမှ ဘုရားကြီးကို ဖူးမြော်ကြည်ညိုကြသည်။

ထို့ပြင် ဘုရားဖူး ရဟန်းရှင်လူ ပြည်သူများအနေဖြင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ချိန်တွင် ပိဋကတ်သုံးပုံတော်လာ အဋ္ဌကထာ ဋီကာကျမ်းစာများကို တစ်ပါတည်းလေ့လာဖတ်ရှုကြည်ညိုနိုင်ရေးအတွက် စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ ထွင်းထုထည့်သွင်းထားသည့် ကျောက်စာရုံစေတီတော် အဆူ ၇၂၀ ကို ရုပ်ပွားတော်မြတ်ကြီး၏ ရှေ့မျက်နှာမူရာ တည့်တည့်၌ တည်ဆောက်ပူဇော်ထားရှိရာ စိတ်ဝင်စားစွာ ဖူးမြော်လေ့လာကြည်ညိုကြသည်။



ကျောက်စာရုံစေတီတော်များ၊ မုစလိန္ဒကန်နှင့် နဂါးရုံဘုရား၊ ခေါင်းလောင်းတော်ကြီး၊ မဟာဗောဓိညောင်ပင်တို့ကိုလည်း ဘုရားဖူးပြည်သူများက ကြည်ညိုစွာဖြင့် ဖူးမြော်ကြသည်။

ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားပူဇော်ထားသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဘုရားကျောင်းကန်များအား လာရောက်ဖူးမြော်ကြည်ညိုကြသည့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ ခေတ္တအနားယူနိုင်စေရေးအတွက် ကျွန်းတိုင်များ အသုံးပြု၍ မြန်မာမှုလက်ရာများဖြင့် ရှေးမူမပျက် ဆောက်လုပ်ထားသည့် သုခမ္မာဇရပ်များတွင်လည်း အေးချမ်းစွာ အပန်းဖြေအနားယူကြသူများဖြင့် စည်ကားလျက်ရှိသည်။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် စက်တင်ဘာ ၃ ရက်အထိ ထပ်မံ၍ ရက်တိုးမြှင့်သတ်မှတ် အခမဲ့ဖူးမြော်ကြည်ညို ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ စက်တင်ဘာ ၃ ရက်နှင့်နောက်ပိုင်း လာရောက်ဖူးမြော်ကြသူများအား မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဥယျာဉ်တော်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် လိုအပ်သည့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ကုသိုလ်တော်ဖြစ်ပါဝင်နိုင်ရေး မြန်မာနိုင်ငံသားလူကြီးတစ်ဦးလျှင် ငွေကျပ် ၁၀၀၀ နှင့် နိုင်ငံခြားသားတစ်ဦးလျှင် အမေရိကန် ဒေါ်လာ ၁၀ ဒေါ်လာနှုန်းတို့ဖြင့် သတ်မှတ်ကောက်ခံသွားမည်ဖြစ်ကြောင်းနှင့် အသေးစိတ်ကို မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ Website ဖြစ်သည့် mbiw.myannet.com ၊ www.twitter.com/Mara-vijaya နှင့် t.me/Maravijaya တို့တွင် ဝင်ရောက်လေ့လာကြည့်ရှုနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အသိပေးထားပါသည်။

**ဟိန်းထက်ဇော် (မြန်မာ့အလင်း)၊**
**ဓာတ်ပုံ – အိမ့်ဘီလီယံမောင်**





# အုတ်၊ ထုံး၊ သဲ၊ ကျောက်နဲ့ တည်ထားတာမဟုတ်ပါဘူး။ စကျင်ကျောက်တုံးအကြီးကြီးတွေ၊ စကျင်ကျောက်စစ်စစ်ကြီးတွေနဲ့ တည်ထားပေးတဲ့အတွက် ဗုဒ္ဓဘာသာဝင်တစ်ဦးအနေနဲ့ အင်မတန်ဝမ်းမြောက်ပီတိဖြစ်ရပါတယ် ဦးနန္ဒက

နေပြည်တော် ဩဂုတ် ၁၈

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်အတွင်း တည်ထားသည့် ကမ္ဘာ့ဉာဏ်တော်အမြင့်ဆုံး ထိုင်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဩဂုတ် ၈ ရက်မှစတင်၍ ရဟန်းရှင်လူ အများပြည်သူတို့ အခမဲ့လာရောက်ဖူးမြော်နိုင်ရန် ဖွင့်လှစ်ထားရှိရာ ဩဂုတ် ၁၈ ရက်တွင် ဖူးမြော်သူသဒ္ဓါပရိသတ်များ တဖွဲဖွဲ လာရောက်ဖူးမြော်လျက်ရှိသည်ကို မြင်တွေ့ရသည်။

အဖွဲ့အလိုက် ဘုရားဖူးများ၊ အနယ်နယ်အရပ်ရပ်မှ ဖူးမြော်သူများ၏ ကြည်ညိုသဒ္ဓါအားကောင်းစွာ လှူဒါန်းပူဇော်နေမှုများနှင့် ပျော်ရွှင်စွာ လေ့လာကြည့်ရှုနေမှုများကို မြင်တွေ့ရသည်။ ဘုရားကြီးသို့ လာရောက်ဖူးမြော်သူများ၏ ပီတိစကားများ၊ အနုမောဒနာသာစုခေါ်သံများနှင့် သဘောထားအမြင်များကို စုစည်းဖော်ပြလိုက်ပါသည်။



ဦးနန္ဒက



ဒေါ်လှစိန်



ဒေါ်လှ



မသပြေအေး



မဖြူစင်မှိမ်း



ကိုမင်းသီဟ



မမလေး

**ဦးနန္ဒက (မိတ္ထီလာမြို့နယ်၊ အောင်ချမ်းသာကျောင်းတိုက်)**

မာရဝိဇယဘုရားကြီး တည်ထားပေးတာ ဝမ်းသာလွန်းလို့၊ ဖူးမြော်ချင်လွန်းလို့ လာရောက်ဖူးမြော်ကြည်ညိုရခြင်းဖြစ်ပါတယ်။ အရင်တစ်ခေါက်က ပိတ်ထားတော့ မဖူးမြော်ဖြစ်ခဲ့တဲ့အတွက် ယနေ့ မိခင်ကြီးကိုပါ ဖူးမြော်ရအောင် ဆိုပြီးလိုက်ပို့ရင်း ဖူးမြော်ဖြစ်ခဲ့ပါတယ်။ ဘုန်းဘုန်းရဲ့ မိတ်ဆွေတွေ၊ ဒကာ၊ ဒကာမတွေကိုလည်း ဘုရားကြီး လာရောက်ဖူးမြော်ကြဖို့ ဆော်ဩပါဦးမယ်။ ဘုန်းဘုန်းတို့ ပြည်ပကို ရောက်တဲ့အခါ ဘုရားဖူးဖို့အတွက် ၁၀ ခေါ်လာပေးပြီးဖူးမြော်ခဲ့ရပါတယ်။ အုတ်၊ ထုံး၊ သဲ၊ ကျောက်နဲ့ တည်ထားတာ မဟုတ်ပါဘူး။ စကျင်ကျောက်တုံးအကြီးကြီးတွေ၊ စကျင်ကျောက်စစ်စစ်ကြီးတွေနဲ့ တည်ထားပေးတဲ့အတွက် ဗုဒ္ဓဘာသာဝင်တစ်ဦးအနေနဲ့ အင်မတန်ဝမ်းမြောက်ပီတိဖြစ်ရပါတယ်။ ရဟန်းရှင်လူ ပြည်သူအပေါင်းလည်း လာရောက်ဖူးမြော်ကြပါလို့ မေတ္တာရှေ့ထားပြီး နှိုးဆော်ပါတယ်။ ဘုရားကိုးကွယ် တန်ခိုးကြွယ်၊ တရားကိုးကွယ် ပညာကြွယ်၊ သံဃာကိုးကွယ် စည်းစိမ်ကြွယ်ဆိုတဲ့အတိုင်း ပြည်သူတွေအနေနဲ့ ဘာသာတရားကိုင်းရှိုင်းပြီး ဖူးမြော်ကြည်ညိုနေကြတာ မြင်ရတာလည်း ပီတိအဖြာဖြာ ပွားမိပါတယ်။ မြန်မာနိုင်ငံမှာ စကျင်ကျောက်နဲ့ ထုဆစ်ထားတဲ့ ကမ္ဘာပေါ်ရှိအကြီးဆုံး မာရဝိဇယဘုရားကြီးကို အခုလို အခမဲ့ဖူးမြော်ရတာ ဦးဆောင်ဘုရားဒါယကာကြီးကိုလည်း ကျေးဇူးတင်ပါတယ်။

**ဒေါ်လှစိန် (လယ်ဝေးမြို့နယ်၊ ကျသောင်းတောင်ရွာ)**

ကျွန်မက အသက် ၈၆ နှစ် ရှိပါပြီ။ မာရဝိဇယဘုရားကြီးကို ဖူးမြော်ဖို့အတွက် ဩဂုတ် ၅ ရက်က တစ်ကြိမ်လာပါတယ်။ အဲဒီနေ့ကတော့ ဖူးမြော်ခွင့်မရခဲ့ပါဘူး။ သတင်းတွေမှာ ဩဂုတ် ၈ ရက်မှာ အခမဲ့ စတင်ဖူးမြော်ခွင့်ပြုတယ်လို့ ကြားရတော့ သားသမီးတွေကို လိုက်ပို့ခိုင်းပါတယ်။ ဒီနေ့တော့ သားက လိုက်ပို့ပေးတဲ့အတွက် မနက်ကတည်းက ဘုရားကြီးကို ရောက်ရှိဖူးမြော်နေတာ အခုညနေထိ အားပါးတရ ဖူးမြော်နေတာဖြစ်ပါတယ်။ ဝမ်းသာပီတိဖြစ်မိပါတယ်။ ဘုရားကြီးရဲ့ဂုဏ်သတင်းတွေကို ပြည်သူတွေသိအောင် ဖော်ပြပေးနေတဲ့ ပြန်ကြားရေးဝန်ကြီးဌာနကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ်လို့ ပြောလိုပါတယ်။ သတင်းတွေမှာ တွေ့ကတည်းက ဖူးမြော်လိုစိတ်တွေ ပြင်းပြခဲ့ပါတယ်။ မာရဝိဇယဘုရားကြီး တည်ထားတဲ့အတွက် မြန်မာနိုင်ငံမှာရှိတဲ့ ဗုဒ္ဓဘာသာဝင်အားလုံးကလည်း အံ့ဖွယ်မာရဝိဇယဘုရားကြီးကို လာရောက်ဖူးမြော်ကြတဲ့ ပြည်သူပေါင်း သောင်းချီပြီး ရှိပါမယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာရှိကြတဲ့ ပြည်သူတွေလည်း လာရောက်ဖူးမြော်ကြည်ညိုကြပါလို့ မေတ္တာစကားပါးချင်ပါတယ်။

**ဒေါ်လှ (တပ်ကုန်းမြို့နယ်)**

ကျွန်မ အသက်က ၇၂ နှစ်ရှိပါပြီ။ ဝါတွင်းကာလ တရားစခန်းဝင်နေတာ ဖြစ်ပါတယ်။ ပျိုးဥယျာဉ်တရားစခန်းကနေ အဖွဲ့လိုက်စုပြီး ဘုရားကြီးကို လာရောက်ဖူးမြော်ကြည်ညိုကြတာပါ။ တရားစခန်း မဝင်ခင်က ရုပ်မြင်သံကြားသတင်းတွေမှာ တွေ့ဖူးနေတော့ အပြင်မှာ ဖူးမြော်ချင်တဲ့ ဆန္ဒတွေက တားလို့မရတာနဲ့ မာရဝိဇယဘုရားကြီးကို တရားစခန်းက ယောဂီတွေနဲ့ လာရောက်ဖူးမြော်တာပါ။ သားသမီးတွေနဲ့ နောက်တစ်ကြိမ် လာရောက်ဖူးမြော်ဦးမှာပါ။ ကြည်ညိုသဒ္ဓါပွားရ၊ စိတ်ချမ်းသာရ၊ ပီတိဖြစ်ရနဲ့ ဘုရားကြီးတည်ထားပေးတဲ့ ဘုရားဒကာ အပေါင်းတို့လည်း ဘေးဘယာတွေ ကင်းဝေးပြီး ကျန်းမာချမ်းသာပါစေ။ ပြည်သူတွေလည်း ကျန်းမာချမ်းသာပါစေလို့ ဆုတောင်းမေတ္တာ ပို့သပါတယ်။

**မသပြေအေး (ရန်ကုန်မြို့)**

ကျွန်မက ရန်ကုန်မြို့ကနေ နေပြည်တော်မှာ တည်ထားတဲ့ မာရဝိဇယဘုရားကြီးကို လာရောက်ဖူးမြော်တာပါ။ အဝေးကနေ လာရောက်ဖူးမြော်ရတာ ဖူးမြော်ရကျိုးလည်းနပ်ပါတယ်။ လမ်းခရီးမှာ အဆင်ပြေပြေနဲ့ ရောက်ရှိလာတာက လည်း ဘုရားကြီးရဲ့ ဘုန်းတန်ခိုးတော်ကြောင့်လို့ ထင်ပါတယ်။ စကျင်ကျောက်နဲ့ ထုဆစ်ထားတဲ့ ကမ္ဘာပေါ်မှာ အကြီးဆုံး မာရဝိဇယဘုရားကြီးကို အားပါးတရ ဖူးမြော်လိုက်ရတဲ့အခါ လမ်းခရီးမှာ ပင်ပန်းခဲ့တာတွေက အလုံးစုံပျောက်ကွယ်သွားပါတယ်။ အခုလို မိုးရွာနေပေမယ့် ဘုရားကြီးရင်ပြင်တော်ပေါ်မှာ ဘုရားဖူးပြည်သူတွေနဲ့ စည်ကားနေရတာ မြင်တွေ့ရတဲ့အခါ ကြည်နူးပီတိဖြစ်မိပါတယ်။ စကျင်ကျောက်တွေနဲ့ တည်ထားတဲ့ ဘုရားရင်ပြင်တော်ပေါ်မှာလည်း အေးအေးချမ်းချမ်း ဘုရားဝတ်ပြုခဲ့ပါတယ်။ ကျောက်စာရုံစေတီတော်တွေကိုလည်း ဖူးမြော်ကြည်ညိုခဲ့ပါတယ်။ ဒါပေမယ့် ကိုယ်တိုင်လာရောက်ဖူးမြော်ချင်တဲ့ဆန္ဒတွေက တားလို့မရတဲ့အတွက် ဖူးမြော်ကြည်ညိုဖြစ်တာပါ။ ဘုရားကြီးပရိဝုဏ်အတွင်းက မဟာဗောဓိညောင်ပင်ကိုလည်း ဖူးမြော်ခဲ့ပါတယ်။ ယခုလို ဖူးမြော်ကြည်ညိုခဲ့ရတဲ့ ကုသိုလ်တွေကို ကမ္ဘာသူ ကမ္ဘာသားများအတွက်လည်း အေးချမ်းအောင် ဆုတောင်းမေတ္တာတွေ ပို့သပေးပါတယ်။

**ကိုမင်းသီဟ (နေပြည်တော်၊ သပြေကုန်း)**

ကျွန်တော်တို့နေပြည်တော် ဆိုင်ကယ်ချစ်သူများအဖွဲ့က သူငယ်ချင်းတွေ စုပေါင်းပြီး ဒီနေ့မှာ ဘုရားကြီးကို လာရောက်ဖူးမြော်ဖြစ်ပါတယ်။ နေပြည်တော် ဆိုင်ကယ်ချစ်သူများအဖွဲ့ဝင်တွေ တချို့မအားကြတဲ့အတွက် ဒီနေ့မှာ ဆိုင်ကယ် ၁၈ စီးနဲ့ မာရဝိဇယဘုရားကြီးကို လာရောက်ဖူးမြော်ဖြစ်ပါတယ်။ ဘုရားကြီးရင်ပြင်တော်ပေါ်က ခေါင်းလောင်းတော်ကြီးနဲ့၊ ဇာတ်တော်ကြီးတွေကိုလည်း လေ့လာဖူးမြော် ကြည်ညိုခဲ့ကြပါတယ်။ ဘုရားကြီးပရိဝုဏ်ထဲက ရေပန်းတွေကလည်း မျက်စိပသာဒနဲ့ အေးချမ်းစေပါတယ်။ ကျောက်စာရုံစေတီတွေနဲ့ မုစလိန္ဒကန်ကိုလည်း လေ့လာဖြစ်ခဲ့ပါတယ်။

**မဖြူစင်မှိမ်း (ကလောမြို့နယ်၊ ပအိုဝ်းတိုင်းရင်းသူ)**

ကျွန်မတို့က ကလောမြို့နယ် သီခေါင်ကျေးရွာအုပ်စုကဖြစ်ပါတယ်။ မိဘတွေ၊ ရပ်ဆွေရပ်မျိုးတွေနဲ့ မာရဝိဇယဘုရားကြီးကို လာရောက်ဖူးမြော်ကြည်ညိုတာပါ။ ဩဂုတ် ၁၆ ရက်က လာရောက်ဖူးမြော်ဖို့ စီစဉ်ထားတာပါ။ ဒါပေမယ့် မလာဖြစ်ခဲ့ပါဘူး။ ဒီနေ့မှ လာရောက်ဖြစ်ကြပါတယ်။ သတင်းတွေထဲမှာ ဘုရားကြီးကို ဖူးမြော်ခွင့်ရတယ်။ ကြည်ညိုခွင့်ရတယ်။ သာသနိကအဆောက်အဦတွေရဲ့ မြန်မာမှု အနုပညာ ပြည့်စုံစွာ ခမ်းခမ်းနားနား တည်ဆောက်ပေးထားတာလည်း မြန်မာနိုင်ငံအတွက် ဂုဏ်ယူစရာပါ။ ကျွန်တော်တို့ နေပြည်တော် ဆိုင်ကယ်ချစ်သူများအဖွဲ့အနေနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာရှိကြတဲ့ ဆိုင်ကယ်ချစ်သူများအဖွဲ့တွေကို နေပြည်တော်မှာဆုံရပ်တစ်ခုလုပ်ပြီး ဘုရားကြီးကို ဆိုင်ကယ်ပေါင်းများစွာနဲ့ စုပေါင်းဖူးမြော်ဖို့ စီစဉ်သွားဦးမှာပါ။ ဒီနေ့ မိုးဖွဲလေးတွေလည်း ကျတော့ ဘုရားကြီးဖူးလိုက်ရတဲ့အခါ တိမ်တိုက်တွေထဲမှာ ဖူးမြော်ရသလို ခံစားမိပြီး ကြည်နူးဝမ်းသာမိပါတယ်။ အားလုံး ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းလိုက်ပါတယ်။

**မမလေး (ပျဉ်းမနားမြို့နယ်၊ ဆင်သေအုပ်စု)**

အရင်ရက်တွေကတည်းက လာရောက်ဖူးမြော်ဖို့ ကြိုးစားနေခဲ့ပေမယ့် အလုပ်မအားတဲ့အတွက် အခုမှ လာရောက်ဖြစ်တာပါ။ ညနေပိုင်း ဘုရားဖူးလာပြည်သူတွေ နည်းနည်းပါးမယ်ထင်လို့ ညနေပိုင်းမှ လာခဲ့ပေမယ့် အံ့ဩစရာကောင်းလောက်အောင် ဘုရားဖူးပြည်သူတွေ များပြားနေတာ တွေ့ရပါတယ်။ ဘုရားကြီးကို ဖူးမြော်နေတဲ့အချိန်မှာ မိုးဖွဲလေးတွေကလည်း ကျတော့ ဘုရားရဲ့ တန်ခိုးတော်ကြောင့်ပဲလို့ ထင်မြင်မိပါတယ်။ ရာသီဥတုက အေးချမ်းနေတဲ့အတွက် အေးအေးဆေးဆေးနဲ့ ဖူးမြော်ခွင့်ရခဲ့ပါတယ်။ ဘုရားရင်ပြင်တော်မှာလည်း ညနေခင်း ရောက်လာတာနဲ့အမျှ ဘုရားဖူးသူတွေ အလွန်များပြားလာပါတယ်။ တကယ့်ကို ကြည်နူးပျော်ရွှင်ဖွယ်ကောင်းတဲ့ မြင်ကွင်းပါ။ ဘုရားကြီးရဲ့ မျက်နှာတော်ကလည်း လွန်စွာကြည်ညိုစရာ ကောင်းလွန်းလှပါတယ်။ နောက်ပြီး တည်ထားပူဇော်ထားတဲ့ သာသနိကအဆောက်အဦတွေကို သွားရောက်လေ့လာရတာလည်း ပင်ပန်းတယ်လို့ကို မခံစားရပါဘူး။ ဒါကြောင့် လာဖြစ်အောင်လာပြီး ဖူးမြော်ကြပါလို့ တိုက်တွန်းလိုပါတယ်။

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)**
**ဓာတ်ပုံ - ဖြိုးကျော်လင်း**

---

## ဘားအံမြို့၌ တိုင်းရင်းသားရိုးရာ ဂျပ်ခုတ်သင်တန်းဖွင့်လှစ်

**ဘားအံ ဩဂုတ် ၁၈**

ကရင်ပြည်နယ်ဘားအံမြို့နယ်တောင်ကလေးဘုန်းတော်ကြီးကျောင်း သင်တန်းခန်းမ၌ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ရက်ကန်းနှင့်သက်မွေးပညာသင်တန်းကျောင်း (ဘားအံမြို့နယ်)မှ အမျိုးသမီးများဝင်ငွေတိုးတက်ရေး လုပ်ငန်းစီမံကိန်းဖြစ်သည့် တိုင်းရင်းသားရိုးရာဂျပ်ခုတ်သင်တန်းကို ယမန်နေ့က ကျင်းပရာ တောင်ကလေးဘုန်းတော်ကြီးကျောင်း ကျောင်းအုပ်ဆရာတော်၊ ကရင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်ခန့်က အမှာစကားပြောကြားပြီး ရက်ကန်းနှင့်သက်မွေးပညာသင်တန်းကျောင်း နည်းပြအရာရှိက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါ တိုင်းရင်းသားရိုးရာဂျပ်ခုတ်သင်တန်းကို တစ်လကြာ သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းသား ၁၅ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# တရားဝင်ရွှေ့ပြောင်းသွားလာလုပ်ကိုင်ရေး အလုပ်သမားဝန်ကြီးဌာနက ပံ့ပိုးကူညီဆောင်ရွက်ပေး

သဥ္ဇာ

နိုင်ငံတော်က နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ကဏ္ဍအသီးသီးတွင် ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိရာ အလုပ်သမားဝန်ကြီးဌာနအနေဖြင့်လည်း လုပ်သားအင်အားထု အရည်အချင်းပြည့်ဝပြီး ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ပိုမိုဖန်တီးပေးနိုင်ရေး၊ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ဆက်ဆံရေး ကောင်းမွန်စွာဖြင့် တည်ငြိမ်အေးချမ်းသည့် လုပ်ငန်းခွင်များ ဖြစ်ပေါ်နိုင်စေရေး၊ အလုပ်သမား ဥပဒေပါ အကျိုးခံစားခွင့်များရရှိစေရန် စည်းကြပ်ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင် မတော်တဆထိခိုက်မှုနှင့် လုပ်ငန်းခွင်ရောဂါရရှိခံစားမှု လျော့နည်းကျဆင်းရေး၊ ပြည်တွင်း ပြည်ပတို့၌ သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးနှင့် ဘေးကင်းလုံခြုံသည့် ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်စေရေး၊ လုပ်သားထု၏ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးရန် လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းကျောင်းများ ဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးရေး၊ လူမှုဖူလုံရေးအာမခံအလုပ်သမားများအတွက် လူမှုအကာအကွယ်နှင့် ကျန်းမာရေးစောင့်ရှောက်မှု ရရှိနိုင်စေရေး၊ နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး၊ လူမှုစီးပွားဘဝမြင့်မားစေရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်သားအင်အားကို စနစ်တကျအကျိုးရှိစွာ အသုံးချနိုင်စေရန်၊ အလုပ်သမားများအတွက် လူမှုအကာအကွယ်နှင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်စေရေးနှင့် အလုပ်ရှင်၊ အလုပ်သမားများအကြား ဖြစ်ပွားသော အငြင်းပွားမှုများကို သက်ဆိုင်ရာ ဥပဒေများနှင့်အညီ အောင်မြင်စွာ ဖြေရှင်းဆောင်ရွက်ပေးနိုင်စေရေးတို့အတွက် မူဝါဒများချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

### ခေတ်ကာလအခြေအနေနှင့် ရွှေ့ပြောင်းသွားလာလုပ်ကိုင်ခြင်း

ရွှေ့ပြောင်းသွားလာခြင်းသည် ယနေ့ကမ္ဘာတွင် မရှိမဖြစ် အရေးပါသော အကြောင်းအရာတစ်ခု ဖြစ်လာပါသည်။ ရောယှက်ဆက်နွယ်နေသော ကမ္ဘာ့ဈေးကွက်များ၊ နိုင်ငံဖြတ်ကျော် ကူးလူးဆက်ဆံမှုကွန်ရက်များ ပေါ်ထွန်းလာခြင်းနှင့် ဆက်သွယ်ရေးနည်းပညာများ လျင်မြန်စွာ တိုးတက်ထွန်းကားလာမှုများသည် လုပ်သားများ၊ ကျောင်းသားများ၊ အလုပ်သင်သင်တန်းသားများ၊ မိသားစုဝင်များနှင့် ကမ္ဘာလှည့်ခရီးသွားများကို ပိုမိုရွှေ့လျားသွားလာစေရန် ပံ့ပိုးပေးသည့် အကြောင်းအရာများဖြစ်ကြောင်း တွေ့ရှိလာရပါသည်။ ရွှေ့ပြောင်းသွားလာခြင်းဖြင့် ပိုမိုကောင်းမွန်သော ဘဝနေထိုင်မှု၊ အလုပ်အကိုင်၊ အကျိုးခံစားခွင့်တို့ကို ရရှိခံစားနိုင်လိမ့်မည်ဟု မျှော်လင့်ပြီး တစ်နေရာမှ တစ်နေရာ၊ တစ်နိုင်ငံမှ တစ်နိုင်ငံကို ရွှေ့ပြောင်းလုပ်ကိုင်လျက်ရှိပါသည်။ ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးအခြေအနေ ပြောင်းလဲမှုနှင့်အတူ နိုင်ငံတစ်နိုင်ငံချင်းစီ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိမှု စသည့် အခြေအနေအမျိုးမျိုးကြောင့် ရွှေ့ပြောင်းသွားလာလုပ်ကိုင်မှုများ ဆောင်ရွက်လျက်ရှိပါသည်။

### မြန်မာနိုင်ငံ၏ ရွှေ့ပြောင်းသွားလာလုပ်ကိုင်မှုနှင့် အလုပ်သမားဝန်ကြီးဌာန၏ အခန်းကဏ္ဍ

မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းအလုပ်သမားအဖွဲ့ (International Organization for Migration– IOM) သို့ ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် ၁၄၇ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီး IOM နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများနေ့ အခမ်းအနားကို နှစ်စဉ် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ကျင်းပလျက်ရှိပါသည်။

၁၉၉၀ ပြည့်နှစ် နှောင်းပိုင်းမှစ၍ မြန်မာအလုပ်သမားများသည် အလုပ်အကိုင်အခွင့်အလမ်းများအတွက် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ခဲ့ကြပါသည်။

နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ လူ့စွမ်းအားကို စနစ်တကျ အကျိုးရှိစွာ အသုံးချနိုင်ရန်၊ ပြည်ပအလုပ်အကိုင်ရှာဖွေသူများ အနေဖြင့် ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများ

> ■ ပြည်ပနိုင်ငံများရှိ မြန်မာအလုပ်သမားရေးရာ ကိစ္စရပ်များအား ကူညီဆောင်ရွက်ပေးရန်နှင့် သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေနှင့်အညီ ရပိုင်ခွင့်များကို ဆောင်ရွက်ပေးနိုင်ရန်အတွက် အလုပ်သမားသံအရာရှိများအား ကိုရီးယားသမ္မတနိုင်ငံ (၂၀၁၁ ခုနှစ်)၊ ထိုင်းနိုင်ငံ (၂၀၁၁ ခုနှစ်)၊ မလေးရှားနိုင်ငံ (၂၀၁၃ ခုနှစ်) တို့တွင် စတင် ထားရှိပြီး မြန်မာအလုပ်သမားများ အများဆုံး သွားရောက်လုပ်ကိုင်သည့် နိုင်ငံများတွင် အလုပ်သမားသံအရာရှိများ တိုးမြှင့်ခန့်အပ်တာဝန်ပေးအပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ

ရရှိစေပြီး ပြည်ပသို့ စနစ်တကျ သွားရောက်လုပ်ကိုင်နိုင်ရန်၊ အလုပ်သမားများ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရန်နှင့် ရသင့်ရထိုက်သည့် အခွင့်အရေးများ ရရှိခံစားနိုင်စေရန်၊ ပြည်ပအလုပ်အကိုင် အမျိုးအစားအလိုက် ရရှိခဲ့သော အတွေ့အကြုံနှင့် အသိပညာများ၊ အတတ်ပညာများကို ပြည်တွင်းတွင် စနစ်တကျ ပြန်လည်အသုံးချဆောင်ရွက်ခွင့်ရရှိနိုင်ရန် ရည်ရွယ်၍ ၁၉၉၉ ခုနှစ်တွင် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေအား ပြဋ္ဌာန်းခဲ့ပါသည်။

အဆိုပါဥပဒေအရ ပြည်ပအလုပ်အကိုင် အကျိုးဆောင် လိုင်စင်ရအေဂျင်စီမှတစ်ဆင့် လုပ်သားစေလွှတ်ရမည်ဖြစ်ရာ ၁၉၉၉ ခုနှစ်၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေအရ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီ ၄၅၅ ခုကို ခွင့်ပြုပေးခြင်း၊ အလုပ်သမားစုဆောင်းခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများချမှတ်ခြင်း၊ အလုပ်သမားဝန်ကြီးဌာနသည် ၂၀၁၃ ခုနှစ်တွင် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများကို ကြီးကြပ်ကွပ်ကဲနိုင်ရန်နှင့် ပြည်ပရောက် မြန်မာအလုပ်သမားများအား ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးအတွက် မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် (Myanmar Overseas Employment Agencies Fedration–MOEAF) ကို ဖွဲ့စည်းခြင်း၊ ပြည်ပနိုင်ငံများတွင် အလုပ်သမားရေးရာကိစ္စများ ပေါ်ပေါက်လာပါက တာဝန်ယူစေလွှတ်သည့် အေဂျင်စီအနေဖြင့် အပြည့်အဝ ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးနှင့် အမည်ခံအေဂျင်စီနှင့် မမှန်မကန် လုပ်ဆောင်နေသည့် အေဂျင်စီများကို တားဆီးကာကွယ်ရေးအတွက် အမှန်တကယ် ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်သည့် အေဂျင်စီများသာ လိုင်စင်အသစ် လျှောက်ထားနိုင်ရေး စိစစ်ဆောင်ရွက်ခြင်း၊ ရွှေ့ပြောင်းသွားလာလုပ်ကိုင်မည့်သူများအတွက် ပြည်ပသို့မထွက်ခွာမီ မှတ်ပုံတင်ပေးပြီးကြောင်း အထောက်အထား သက်သေခံလက်မှတ် ထုတ်ပေးခြင်းနှင့် ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရအေဂျင်စီများက ပြည်ပသို့ မြန်မာလုပ်သားများ စေလွှတ်ပေးပို့မှုကို တည်ဆဲဥပဒေများနှင့်အညီ စိစစ်ဆောင်ရွက်မှုများကို လုပ်ဆောင်ပေးလျက်ရှိပါသည်။

အလားတူ ရွှေ့ပြောင်းသွားလာသူများအား တရားဝင်ရွှေ့ပြောင်းသွားလာ၍ သက်ဆိုင်ရာ နိုင်ငံများ၏ ဥပဒေများနှင့်အညီ ခံစားခွင့်များ ရရှိနိုင်ရန် ဆောင်ရွက်ခြင်း၊ ပြည်ပသို့ စေလွှတ်မည့် အလုပ်သမားများအား လုပ်ငန်းခွင်အကြိုသင်တန်း ပို့ချပေးခြင်း၊ ပြည်ပအလုပ်အကိုင်လုပ်ငန်း အကျိုးဆောင် လိုင်စင်ရအေဂျင်စီများမှ တင်ပြလာသော Demand Letter များအား စိစစ်ခြင်း၊ သက်ဆိုင်ရာ နိုင်ငံ သံရုံးသို့ မှန်/မမှန် မေးမြန်းခြင်း၊ မြန်မာ ရွှေ့ပြောင်းလုပ်သား အများဆုံးရှိသည့် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့၌ မြန်မာလုပ်သားများ၏ အလုပ်သမားရေးရာခံစားခွင့်များကို အပြည့်အဝရရှိစေရေးနှင့် ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အလုပ်သမားသံအရာရှိများကို ခန့်ထားခြင်း၊ အထောက်အထားမဲ့ မြန်မာရွှေ့ပြောင်း အလုပ်သမားများအား တရားဝင်မှတ်ပုံတင်ပေးခြင်း၊ နှစ်နိုင်ငံအလုပ်သမားရေးရာ သဘောတူစာချုပ်များ ရေးထိုးဆောင်ရွက်ခြင်း၊ ပြည်ပအလုပ်အကိုင်ရှာဖွေသူများအား ရပိုင်ခွင့်နှင့် အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရန်နှင့် ရသင့်ရထိုက်သည့် အခွင့်အရေးများ အပြည့်အဝရရှိခံစားနိုင်၍ ပြည်ပသို့ စနစ်တကျ သွားရောက်လုပ်ကိုင်နိုင်စေရန် တရားဝင်လမ်းကြောင်းများ ဖွင့်ပေးပြီး သွားလာမှု လွယ်ကူစေရန် လုပ်ဆောင်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

### အလုပ်သမားသံအရာရှိများ ထားရှိဆောင်ရွက်ခြင်း

ပြည်ပနိုင်ငံများရှိ မြန်မာအလုပ်သမားရေးရာ ကိစ္စရပ်များအား ကူညီဆောင်ရွက်ပေးရန်နှင့် သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေနှင့်အညီ ရပိုင်ခွင့်များကို ဆောင်ရွက်ပေးနိုင်ရန်အတွက် အလုပ်သမား သံအရာရှိများအား ကိုရီးယားသမ္မတနိုင်ငံ (၂၀၁၁ ခုနှစ်)၊ ထိုင်းနိုင်ငံ (၂၀၁၁ ခုနှစ်)၊ မလေးရှား နိုင်ငံ (၂၀၁၃ ခုနှစ်) တို့တွင် စတင်ထားရှိပြီး မြန်မာအလုပ်သမားများ အများဆုံးသွားရောက်လုပ်ကိုင်သည့် နိုင်ငံများတွင် အလုပ်သမားသံအရာရှိများ တိုးမြှင့်ခန့်အပ်တာဝန်ပေးအပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ အလုပ်သမားသံအရာရှိများအနေဖြင့် သက်ဆိုင်ရာ လုပ်ငန်းခွင်များရှိ မိမိတို့ မြန်မာနိုင်ငံသားအလုပ်သမားများအပေါ် ခေါင်းပုံဖြတ်မှုမခံရစေရေး၊ ဥပဒေပါအခွင့်အရေးများ ပြည့်ဝစွာရရှိရေးနှင့် လုပ်ငန်းခွင်အတွင်း ဘေးကင်းလုံခြုံစွာ လုပ်ကိုင်နိုင်ရေးတို့အတွက် အငြင်းပွားမှုဖြစ်ပွားပါက အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

### ထိုင်းနိုင်ငံသို့သွားရောက်မည့် မြန်မာအလုပ်သမားများအား အထောက်အထားထုတ်ပေးခြင်း

ထိုင်းနိုင်ငံသို့ ရောက်ရှိအလုပ်လုပ်ကိုင်နေသော မြန်မာအလုပ်သမားများအား နိုင်ငံသားစိစစ်ခြင်း၊ ယာယီမြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးခြင်း၊ ပြည်ပအလုပ်အကိုင် သက်သေခံကတ်ပြားထုတ်ပေးခြင်းတို့ကို ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများဖြင့် တရားဝင်အလုပ်လုပ်ကိုင်ခွင့်ရရှိစေရန် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certi–ficate of Identity –CI) စခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ကြောင်း တွေ့ရှိရပါသည်။

ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရအေဂျင်စီများအနေဖြင့် သက်ဆိုင်ရာအလုပ်ရှင်မှ လက်မှတ်ရေးထိုးပေးပို့သည့် Employment Contract များကို အေဂျင်စီ၏ Managing Director က လက်မှတ်ရေးထိုးအတည်ပြုပြီး အေဂျင်စီနှင့် အလုပ်သမားများသည် နီးစပ်ရာတိုင်းဒေသကြီး၊ ပြည်နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ သွားရောက်၍ အလုပ်သမားတစ်ဦးချင်းစီအလိုက် စာချုပ်ချုပ်ဆိုခြင်း၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ၈ မိုင်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံးတွင် ပြည်ပအလုပ်သမားသက်သေခံကတ် (OWIC ကတ်) များ ခွင့်ပြုထုတ်ပေးခြင်းများ ဆောင်ရွက်၍ စာချုပ်ချုပ်ဆိုပြီး ရက်ပေါင်း ၉၀ အတွင်း သက်ဆိုင်ရာ လုပ်ငန်းခွင်များသို့ ရောက်ရှိနိုင်ရန် ဆောင်ရွက်ရပါသည်။

### မြဝတီ–ကော့ကရိတ် အာရှလမ်းမကြီး လမ်းမြေပြိုကျမှုကြောင့် ထိုင်းနိုင်ငံသို့ သွားရောက်မည့် အလုပ်သမားများအတွက် ဆောင်ရွက်ပေးခဲ့မှုအခြေအနေများ

၇–၈–၂၀၂၃ ရက်နေ့၊ နံနက် ၁၀ နာရီခန့်တွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့နှင့် မြဝတီမြို့ အကြားရှိ တောနော်ရေတံခွန်အနီး၌ တောင်နံရံ လျှောဆင်းမြေပြိုကျခဲ့၍ ယာဉ်သွားလမ်း ပေ ၁၅၀ ခန့်ပျက်စီးခဲ့သဖြင့် ယာဉ်များဖြတ်သန်းသွားလာ၍ မရသည့်ဖြစ်စဉ် ဖြစ်ပေါ်ခဲ့ပါသည်။

အဆိုပါ လမ်းမြေပြိုမှုဖြစ်ပွားခဲ့သည့် နေရာအနီးတွင် ရန်ကုန်မြို့မှ ထွက်ခွာလာသော ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် စေလွှတ်မည့် အလုပ်သမား ၆၆၀ ခန့် ရောက်ရှိနေကြောင်း သတင်းကြားသိသည်နှင့် အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကရင်ပြည်နယ် ရုံးတာဝန်ခံအရာရှိသည် သွားရောက်ခဲ့ပြီး လမ်းပျက်စီးသည့် ဇရိယာ

*စာမျက်နှာ ၁၁ သို့*

# သုံးပါးရတနာနှင့် ဗုဒ္ဓဥယျာဉ်သာ

**သုံးပါးရတနာ**

❁ လူနတ်နှင့်ဗြဟ္မာရှာ
နဂါးရှာ ဂဠုန်ရပ်
သိမှတ်ရတနာ၊
အရပ်ရပ်မယှဉ်သာ
ရတနာမြတ်သုံးပါး၊
မြတ်ထက်မြတ် လွန်ထင်ရှား
ဖူးကြစို့လား။

**ဘုရားရတနာ**

❁ မဟိမာဘုန်းတော်မြတ်
ရည်မှတ်လို့ ရှိကော်ရော်
ရုပ်ပွားတော် "မာရဝိဇယ"
ဦးချပူဇော်၊
ပမာဏကြီးမြတ်ညာဏ်တော်
ကမ္ဘာ့ပေါ်တူမရှိ
ဖူးမြော်ရန် လာပါဘိ
နေပြည်တော်ညာကြေသိ
ဒက္ခိဏသီရိ။

**တရားရတနာ**

❁ ကုသိုလ်တော်ပမာထပ်
ပိဋကတ်ကျောက်စာရုံ
စေတီပုံ ရတနာတစ်ပါး
ဝပ်တွားကြည်ယုံ၊
ဦးတင်သ လက်ကြွင်
အစုံစုံဖူးမဝ
ရေတွက်ခါ ဦးနှိမ်ချ
ခွန်နှစ်သုည။

**သံဃာရတနာ**

❁ မြတ်နိုးဖွယ် စဉ်ထာဝရ
စောင့်ရှောက်ရ စဉ်မကွာ
ကျောင်းတော်သာ "မာရဝိဇယ"
ထိကရမြင်သာ၊
သီတင်းသုံး ထေရ်သံဃာ
ဖူးစရာရတနာတစ်ပါး၊
ဥယျာဉ်သာမှာထင်ရှား
ဦးချဝပ်တွား။

**ဗုဒ္ဓဥယျာဉ်သာ**

❁ ဂန္ဓကုဋီ ဇရပ် သိမ်ကျောင်း
ခေါင်းလောင်းနှင့် ဗောဓိပင်
လင်းလွန်းပင် အင်ကြင်းတော
သာမောစုံလင်၊မုစလိန္ဒကန်ကြည်လင်
ရှိဦးတင် နဂါးရုံဘုရား
တံခွန်တိုင် မြင့်မြင့်မား
ကူးကြမယ် မင်္ဂလာတံတား
ဖြိုဟ်နံပြေ စုံဘုရား
ရေသပ္ပာယ် သဒ္ဒါပွား
ဖူးကြအများ။ ။

ကျော်စောဟန်

*စာမျက်နှာ ၁၀ မှ*

ကျယ်ပြန့်ခြင်း၊ မိုးဆက်လက်ရွာသွန်းခြင်း၊ ခြေကျင်ဖြတ်သန်းရန် မြေသားစိတ်မချရခြင်းတို့ကြောင့် အလုပ်သမားများအား ဆက်လက်ဖြတ်သန်းခြင်း မပြုစေဘဲ ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှု၊ သက်ဆိုင်ရာ နယ်မြေခံတပ်ဖွဲ့တို့၏ ပူးပေါင်းကူညီပေးမှုတို့ဖြင့် ရန်ကုန်မြို့တွင် ပြန်လည်စောင့်ဆိုင်းလိုသည့် အေဂျင်စီနှစ်ခုမှ အလုပ်သမား ၁၀၀ ခန့်အား ရန်ကုန်မြို့သို့ ထွက်ခွာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခြင်း၊ ကျန်ရှိသော အလုပ်သမား ၅၆၀ ခန့်အား လုံခြုံ၍ နေရာထိုင်ခင်း ကျယ်ပြန့်ပြီး သန့်စင်ခန်း၊ ရေ၊ မီး ပြည့်စုံသည့် သာမညတောင်ခြေရှိ ဘုန်းကြီးကျောင်းများ၌ ခေတ္တတည်းခိုနိုင်ရန် စီစဉ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။

ထို့ပြင် အလုပ်သမားများအား လမ်းခရီးကောင်းမွန်သည့်အချိန်တွင် အမြန်ဆုံးစေလွှတ်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရမည့်ကိစ္စရပ်များ၊ စီစဉ်ဆောင်ရွက်ရမည့် နည်းလမ်းများကို ၈-၈-၂၀၂၃ ရက်နေ့တွင် စခန်းလဝကအဖွဲ့၊ တံတားလဝကအဖွဲ့၊ မဲဆောက်မြို့ အလုပ်သမားသံအရာရှိရုံးနှင့် မဲဆောက်မြို့ ထိုင်းနိုင်ငံ အလုပ်အကိုင်ဌာန (Department of Employment-DOE)တို့နှင့် ဆွေးနွေးခြင်း၊ အလုပ်သမားများအား ကူညီစောင့်ရှောက်နိုင်ရန် သက်ဆိုင်ရာ စေလွှတ်သည့် အေဂျင်စီများအား အကြောင်းကြားခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရပါသည်။

လမ်းမြေပြိုမှု ဖြစ်ပေါ်ခဲ့သည့် နေရာအနီးတွင် ဖြတ်သန်းသွားလာ၍ရနိုင်သည့် နေ့ရက်ဖြစ်သော ၁၁-၈-၂၀၂၃ ရက်နေ့၊ နံနက် ၁၀ နာရီမှစတင်၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကရင်ပြည်နယ်တာဝန်ခံအရာရှိ၊ မြဝတီမြို့ ကျောက်လုံးကြီးရပ်ကွက်ရှိ ရွှေ့ပြောင်းအလုပ်သမားရုံး တာဝန်ခံအရာရှိနှင့် ကော့ကရိတ်မြို့ နယ်မြေခံတပ်ဖွဲ့တို့ ညှိနှိုင်းဆောင်ရွက်၍ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတို့၏ ကြီးကြပ်ကူညီမှုဖြင့် ဘားအံမြို့ သာမညဘုန်းကြီးကျောင်း၌ တည်းခိုနေသည့် MoU ဖြင့် စေလွှတ်မည့် ရွှေ့ပြောင်းအလုပ်သမား ၅၆၀ ခန့်အား မြေပြိုမှုဖြစ်ပွားသည့်အနီးရှိ လမ်းလျှောက်သွားလာနိုင်သည့် နေရာမှတစ်ဆင့် လမ်းလျှောက်၍ လမ်းပျက်စီးမှုဖြစ်ပွားသည့် နေရာကို ဖြတ်ကျော်ပြီး ခရီးသည်တင်ယာဉ်များဖြင့် တင်ဆောင်ကာ မြဝတီမြို့ ကျောက်လုံးကြီးရပ်ကွက်ရှိ ရွှေ့ပြောင်းအလုပ်သမားရုံးသို့ ခေါ်ဆောင်ခဲ့သည်ကို တွေ့ရှိရပါသည်။

၁၁-၈-၂၀၂၃ ရက်နေ့တွင်ပင် အဆိုပါ အလုပ်သမားများအနက် Passport၊ OWIC ကတ် စသည့် ထိုင်းနိုင်ငံသို့ ဝင်ရောက်ခွင့်စာရွက်စာတမ်း ပြည့်စုံပြီး ဝင်ရောက်ချိန်မီသည့် အလုပ်သမား ၃၉၅ ဦးအား မြဝတီမြို့နယ်၊ ရွှေ့ပြောင်းအလုပ်သမားရုံးမှ အမှတ် (၂) ချစ်ကြည်ရေးတံတားသို့ လည်းကောင်း၊ ထိုမှတစ်ဆင့် ထိုင်းနိုင်ငံဘက်ခြမ်းသို့ လည်းကောင်း ပို့ဆောင်ခြင်း၊ အလုပ်သမား ၃၉၅ ဦးလုံး အဆင်ပြေချောမွေ့စွာဖြင့် သက်ဆိုင်ရာလုပ်ငန်းခွင်သို့ ဆက်လက်ထွက်နိုင်ရေး မဲဆောက်မြို့နယ် DOE ဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ ကျန်ရှိသော အလုပ်သမား ၁၆၅ ဦးအား မြဝတီမြို့၌ ညအိပ်ရပ်နားနိုင်ရန် စီစဉ်ခြင်းများ လုပ်ဆောင်ပေးခဲ့ပါသည်။

အထောက်အထားပြည့်စုံသည့် အလုပ်သမားများအား ထိုင်းနိုင်ငံဆိုင်ရာ အလုပ်သမားဥပဒေများကို ဆွေးနွေးပို့ချပြီးပါက သက်ဆိုင်ရာလုပ်ငန်းခွင်များသို့ စေလွှတ်သွားမည်ဖြစ်ကြောင်း သိရပါသည်။

## အလုပ်သမားများအား ကာကွယ်စောင့်ရှောက်ခြင်းကဏ္ဍများ

အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းရှိ အလုပ်သမားများအား ဘေးကင်းလုံခြုံသည့် လုပ်ငန်းခွင်များတွင် အေးချမ်းသာယာစွာ လုပ်ကိုင်နိုင်ရေး၊ ခံစားခွင့်များ ပြည့်ဝစွာရရှိရေး၊ Industrial Relation ကောင်းမွန်စေရေးနှင့် ဥပဒေပါ အခွင့်အရေးများ ခံစားခွင့်ရရှိနိုင်ရေးတို့အတွက် စည်းကြပ်ဥပဒေများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်း၊ လုပ်ငန်းခွင်အတွင်း ဖြစ်ပွားသည့် အလုပ်သမားရေးရာ အငြင်းပွားမှုများအား လုပ်ငန်းခွင်အဆင့်ဖြစ်သော အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) တွင် အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက် Bipartite ဆွေးနွေးခြင်း၊ ပြေငြိမ်းမှုမရရှိသည့် အငြင်းပွားမှုများအား အငြင်းပွားမှုဖြေရှင်းရေးယန္တရားဖြင့် ဖြေရှင်းပေးခြင်း၊ အလုပ်ရှင်၊ အလုပ်သမားများအနေဖြင့် အလုပ်သမားရေးရာဥပဒေများအား သိရှိလိုက်နာဆောင်ရွက်နိုင်စေရေး အသိပညာပေးဆွေးနွေးပွဲများ စဉ်ဆက်မပြတ်လုပ်ဆောင်ပေးခြင်း၊ ဥပဒေများအား စည်းကြပ်အကောင်အထည်ဖော်ဆောင်ရွက်နေသည့် တာဝန်ခံဝန်ထမ်းများအတွက် စွမ်းဆောင်ရည်မြှင့်တင်သည့် သင်တန်းများ ပြုလုပ်ပေးခြင်း၊ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ဝင်များအတွက် နီးနှောဖလှယ်ပွဲများ ကျင်းပပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းရှိ အလုပ်သမားများ၏ အခွင့်အရေးများအား ကာကွယ်စောင့်ရှောက်ပေးသကဲ့သို့ ပြည်ပနိုင်ငံများတွင် မိမိတို့နိုင်ငံသားများ အများဆုံးသွားရောက်သည့် နိုင်ငံများနှင့် ညှိနှိုင်းအစည်းအဝေးများပြုလုပ်ခြင်း၊ အလုပ်သမားသံအရာရှိများ ခန့်အပ်၍ ၎င်းအရာရှိများအနေဖြင့် မြန်မာအလုပ်သမားများ အလုပ်လုပ်ကိုင်ရန် အခက်အခဲရှိသည့် စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်၍ ဖြေရှင်းဆောင်ရွက်ပေးခြင်း၊ ပြည်ပတွင် အလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေးကော်မတီ၏ ပံ့ပိုးကူညီမှုဖြင့် အခက်အခဲဖြစ်နေသည့် အလုပ်သမားများအား ကူညီထောက်ပံ့ခြင်း၊ အလုပ်သမား စေလွှတ်ခွင့် တောင်းခံထားသည့် စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်လုပ်ကိုင်နေသော အလုပ်သမားများ၏ အခြေအနေ၊ အလုပ်ခေါ်စာတွင် ပါရှိသည့်အတိုင်း အမှန်တကယ်အလုပ်လုပ်ကိုင်မှု ရှိ/ မရှိ၊ နေထိုင်စားသောက်မှုအခြေအနေ၊ အလုပ်သမားများအား ကာကွယ်စောင့်ရှောက်ပေးမှု အခြေအနေများကို သွားရောက်စစ်ဆေးပြီး လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးခြင်း၊ အလုပ်သမားများ စာချုပ်သက်တမ်းကာလပြီးဆုံး၍ ပြန်လည်စေလွှတ်ချိန်တွင် ကျွမ်းကျင်မှုဆိုင်ရာ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးစေရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးခြင်းများ လုပ်ဆောင်လျက်ရှိပါသည်။

မြဝတီ - ကော့ကရိတ် အာရှလမ်းမကြီး လမ်းပိုင်းမြေပြိုကျမှုကြောင့် သွားရေးလာရေး အခက်အခဲများ တွေ့ကြုံရသည့်ကာလ၌ပင် အချိန်မဆိုင်းဘဲ အလုပ်သမားများ၏ အကျိုးအား ဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရှိရသောကြောင့် အလုပ်သမားဝန်ကြီးဌာနသည် ကုန်ထုတ်စွမ်းအားဖြင့် နိုင်ငံတော်ကြီးအား ပံ့ပိုးကူညီဆောင်ရွက်ပေးနေသည့် ပြည်တွင်းအလုပ်သမားများ၊ နိုင်ငံတစ်နိုင်ငံ၏ လုပ်အားသယံဇာတဖြစ်သကဲ့သို့ မူရင်းနိုင်ငံနှင့် လက်ခံနိုင်ငံတို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေကြသော ရွှေ့ပြောင်းအလုပ်သမားများအတွက် အားကိုးအားထားပြုရသည့် ဌာနတစ်ခုဖြစ်ကြောင်း လေ့လာတင်ပြလိုက်ရပါသည်။ ။

## ပြေစာများအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး

**မော်လမြိုင် ဩဂုတ် ၁၈** - စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန၏ တည်ဆဲဥပဒေများနှင့်အညီ ပြေစာအမှတ်တံဆိပ်(အခွန်အမှတ်တံဆိပ်) ကပ်နှိပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပွဲကို ဩဂုတ် ၁၇ ရက်က မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်အခွန်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးမြင့်နိုင်က အခွန်ဆိုင်ရာ စီမံခန့်ခွဲမှုကိစ္စရပ်များ၊ ပြေစာများပေါ်၌ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းနှင့် စပ်လျဉ်း၍ လုပ်ငန်းရှင်များနှင့် စားသုံးသူပြည်သူများ လိုက်နာဆောင်ရွက်ရန် အသိပညာပေး လက်ကမ်းစာစောင်နှင့် မြေစိုက်ပိုစတာများ နှိုးဆော်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဌာနဆိုင်ရာများမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

အခမ်းအနားသို့ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ တက်ရောက်ကြသည်။ **ကျော်စိုး**

# ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၏ ဌာနေကိုယ်စားလှယ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၈**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)၏ ဌာနေကိုယ်စားလှယ် Ms. Elena Ajmone Sessera နှင့် အဖွဲ့အား ယနေ့ နံနက်ပိုင်းက အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

**ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး**

တွေ့ဆုံစဉ် ကျန်းမာရေးဝန်ကြီးဌာနနှင့် ICRC အကြား ကျန်းမာရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေး Regional Agreement လက်မှတ်ရေးထိုးရေး၊ ICRC မှ မြန်မာနိုင်ငံအတွင်း ဆောင်ရွက်လျက်ရှိသည့် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေး လုပ်ငန်းများတွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ခြေတု လက်တုထုတ်လုပ်တပ်ဆင်ရေး၊ ICRC အဖွဲ့မှ အပြည်ပြည်ဆိုင်ရာဝန်ထမ်းများ၏ ဗီဇာရရှိရေးနှင့် ပြည်တွင်းခရီးသွားရောက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း စစ်တွေမြို့တွင် မိုခါ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့မှုများအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၈**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက် ၉ နာရီတွင် စစ်တွေမြို့၌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်တွေ့ဆုံပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဆိုင်ရာကိစ္စရပ်များ၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ် ဒေသန္တရစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်းရေးဆွဲနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် ကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

**ထောက်ပံ့ငွေများပေးအပ်**

ထို့နောက် ဒုတိယဝန်ကြီးသည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ဌာန/ အဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်နေသည့် ပြည်နယ်အဆင့်၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လက်ရှိ ဘဏ္ဍာရေးနှစ်အတွင်း လျာထားသည့် စီမံကိန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ စာရင်းဇယားမှန်ကန်ရေးကို အလေးပေးဆောင်ရွက်ရန်၊ နိုင်ငံ့ဘဏ္ဍာငွေသုံးစွဲမှုများ စနစ်တကျဖြစ်စေရန်၊ စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုများကို မြေပြင်ကွင်းဆင်းစိစစ်ခြင်းများ ဆောင်ရွက်ရန်နှင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ တာဝန်ထမ်းဆောင်နိုင်ရေးတို့ကို မှာကြား၍ ရခိုင်ပြည်နယ်တွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအတွက် ဝန်ကြီးဌာနမှ ပံ့ပိုးပေးသည့် ထောက်ပံ့ငွေများ ပေးအပ်သည်။



**ကြည့်ရှုစစ်ဆေး**

ယနေ့ နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် မိုခါမုန်တိုင်းကြောင့် ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ ပျက်စီးဆုံးရှုံးမှုများအတွက် ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး (ဝဲပုံ) ပြည်သူ့ဗဟိုပြုစီမံကိန်းများရေးဆွဲနိုင်ရေး၊ နိုင်ငံတော်မှ ချမှတ်ထားသည့် ဦးတည်ချက်များကို စီမံကိန်းများနှင့် ချိတ်ဆက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့အတွက် ဌာနများအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ဆောင်ရွက်ရန်တို့ကို မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းအား ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဩဂုတ် ၁၈**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးတင်အောင်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ တို့အရ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်ရှိ ငှက်အော်စမ်း လူငယ်သင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးရေး အဖွဲ့သည် ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးခဲ့ရာ လူငယ်သင်တန်းကျောင်း၌ လက်ခံစောင့်ရှောက် သင်ကြားပေးလျက်ရှိသော လူငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေ၊ အစားအသောက်ကျွေးမွေးမှု(အပေါ်ပုံ)၊ အိပ်ဆောင်များထားရှိမှု၊ သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနေမှုနှင့် ပညာသင်ကြားခွင့်၊ မိသားစုနှင့် ဆက်သွယ်ခွင့်၊ မိသားစုနှင့် ပြန်လည်ပေါင်းစည်းခွင့်၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားခွင့်၊ လူငယ်များအား စာရိတ္တပြုပြင်၍ စိတ်ပိုင်း၊ ရုပ်ပိုင်းဖွံ့ဖြိုးတိုးတက်လာအောင် လေ့ကျင့်ပြုစုပျိုးထောင်ပေးနေမှု၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်စသည့် အခြေခံလူ့အခွင့်အရေးများ ရရှိအောင် ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ကော်မရှင်ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းအား ကြည့်ရှုစစ်ဆေးရေး ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလိုဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာသို့ ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရုံသာမက သဘာဝတောတောင်ရေမြေကိုလည်း မြတ်နိုးချစ်ခင်တန်ဖိုးထားလာစေနိုင်ရန်ရည်ရွယ်ပြီး ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း ဖော်ဆောင်ရခြင်းဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းအောင် (ပုဂံရုံးခွဲ) က ရှင်းပြသည်။

ဂုံမိုးအိုင်ဒေသသစ်ခရီးစဉ်တွင် ဂုံမိုးအိုင်၊ လက်ငါးချောင်းအိုင်၊ ဂုံတစ်လုံးစို့ နေရာ၊ ဗျောဗျောကျအိုင်၊ စကောဝိုင်းအိုင် ကျောက်သားလျှိုမြောင်တစ်လျှောက်ဝင်ရောက်၍ သဘာဝအခြေခံခရီးစဉ်တစ်ခုကို လက်တွေ့ခံစားကြည့်ရှုနိုင်မည်ဖြစ်သကဲ့သို့ မြောက်ကျောက်အိုးရှိ ဒေသခံများအခေါ် ကြီးမားသည့်ကျောက်ဖျာကြီးများပေါ် ရေစီးဆင်းခဲ့ရာမှ ရေလှောင်ကန်ပုံသဏ္ဍာန်ဖြစ်ပေါ်နေခြင်းကြောင့် ကျောက်အိုးဟုခေါ်တွင်ကြောင်း၊ ဂုံမိုးအိုင်ဟု ခေါ်တွင်ရခြင်းမှာ ရေအိုင်ကြီးပေါ် ကြီးမားသည့် (ကျောက်တုံးအမိုး) ဂုံကြီးမိုးနေသည့်အတွက် ဂုံမိုးအိုင်ဟုခေါ်တွင်ကြောင်း၊ ဂုံတစ်လုံးစို့အိုင်သည် လျှိုမြောင်ကျောက်ရိုးတစ်ဖက်တစ်ချက်၏အလယ်တွင် ကြီးမားသည့် ကျောက်တုံးကြီးတည်ရှိနေခြင်းကြောင့် ဂုံတစ်လုံးစို့အိုင်ဟု ခေါ်တွင်ခဲ့ကြောင်း၊ စကောဝိုင်းအိုင်သည် ယခင်ရေစီးကြောင်းတည့်တည့်တွင် ဝိုင်းစက်စက်အနေအထားဖြစ်နေသည့်အတွက် စကောဝိုင်းအိုင်ဟု ခေါ်တွင်ခဲ့ကြောင်း သိရသည်။

ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ခရီးစဉ်ဒေသများအနေဖြင့် လဲဂွကျေးရွာနှင့်လက်ပံအိုင့်ကျေးရွာပတ်ဝန်းကျင်၏ တောင်ဘက် နှစ်မိုင်ခန့်အကွာ မဟာဗောဓိငါးထောင်(မတ်တစ်ထောင်တောင်တန်း)နှင့် ကြက်မောက်တောင်ဆည်၊ အနောက်ဘက် တစ်မိုင်ခန့်အကွာ ငွေတွင်းတောင် တောင်တန်းတွင် ဘုရားလေးဆူအား ဖူးမြော်နိုင်ပြီး မြောက်ဘက်နှစ်ဖာလုံအကွာတွင် နှစ်ပေါင်း ၉၀ ကျော်ခန့်ရှိ မပုပ်မသိုးရုပ်ကလာပ်တော် ဦးစန္ဒမထေရ်(ရဟန္တာ)ကိုဖူးမြော်နိုင်ကာ လဲဂွရွာရွှေနတ်တောင်ကုန်းပေါ်တွင် တည်ထားသည့် ရွှေနတ်တောင်စေတီဘုရားစုကိုလည်း ဖူးမြော်နိုင်သည်။ အဆိုပါ ရွှေနတ်တောင်စေတီသမိုင်းအား ဒေသခံသက်ကြီးဘိုးဘွားများ၏တစ်ဆင့်စကားအရ ရွှေဖျင်းညီနောင် ညီအစ်ကို နှစ်ဦး ရွှေနတ်တောင်ဘုရားပွဲတိုင်း လာရောက်ဆွမ်းကပ်၊ ပျော်စံသည့်ဘုရားဖြစ်ကြောင်းလည်း သိရသည်။ ကျောက်ပန်းတောင်း မြို့နယ်တွင် ကိုဗစ်-၁၉ ကူးစက်ရောဂါကာလအလွန် ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းများနှင့် သင့်လျော်သည့် ခရီးစဉ်ဒေသအသစ်များ ရှာဖွေဖော်ထုတ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုစေရန်နှင့် ပြည်တွင်းပြည်ပခရီးသွားများ တောတောင်ရေမြေသဘာဝအလှအပများကို ခံစားနိုင်စေရန်ရည်ရွယ် ၍ ခရီးစဉ်ဒေသအသစ်များ ဖော်ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ပုဂံရုံးခွဲ)မှ သိရသည်။

**ဒီပါလင်း**

# လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် ဩဂုတ် ၁၈**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ရေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိသည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် မုတ္တမကွေ့၊ မွန် - တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ကနေဒါနိုင်ငံမြောက်ပိုင်း တောမီးကြောင့် လူပေါင်းထောင်နှင့်ချီ၍ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရ

**အော့တဝါ ဩဂုတ် ၁၈**

ကနေဒါနိုင်ငံမြောက်ပိုင်းရှိ ထောင်နှင့်ချီသည့် ဒေသခံများကို တောမီးနီးကပ်လာပြီဖြစ်သည့်အတွက် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရသည်ဟု သိရသည်။ ပြီးခဲ့သည့်သီတင်းပတ်မှစတင်ကာ တောမီးစတင်ပျံ့နှံ့ခဲ့သည်။

အနောက်မြောက်ပိုင်းရှိ ဒေသအာဏာပိုင်များသည် ဩဂုတ် ၁၆ ရက်တွင် ဘေးလွတ်ရာသို့ ပြောင်းရွှေ့မိန့်စတင်ထုတ်ပြန်ခဲ့ပြီး ယဲလိုးနိုက်ဖ်ဒေသရှိ လူပေါင်း ၂၀၀၀၀ ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းစေခဲ့သည်။ ကားများဖြင့်မထွက်ခွာနိုင်သည့် လူများအတွက် ကယ်ဆယ်ရေး ရဟတ်ယာဉ်များ အဆင်သင့်ထားပေးထားသည်။ တောမီးကြောင့်ထွက်ပေါ်လာသည့် မီးခိုးငွေ့များမှာ ကြောက်မက်ဖွယ်ကောင်းသည်ဟု အမျိုးသမီးတစ်ဦးက ပြောသည်။ ယဲလိုးနိုက်ဖ်မှ ၁၅ ကီလိုမီတာ အကွာတွင် တောမီးလောင်နေကြောင်း အာဏာပိုင်များက ပြောသည်။

အကယ်၍ မိုးမရွာခဲ့ပါက ဩဂုတ် ၁၉ ရက်တွင် အဆိုပါဒေသသို့ တောမီးပျံ့နှံ့လောင်ကျွမ်းလာနိုင်ကြောင်း အာဏာပိုင်များက ပြောသည်။ နိုင်ငံတစ်ဝန်း လက်ရှိတွင် တောမီးလောင်ကျွမ်းမှုပေါင်း ၁၀၀၀ ကျော် ရှိသည်ဟု ကနေဒါ တောမီးစင်တာက ပြောသည်။ ယခုနှစ်အတွင်း တောမီးကြောင့် မြေယာ ၁၄၀၀၀၀ စတုရန်းကီလိုမီတာ မီးလောင်ခဲ့သည်ဟု သိရသည်။ **အင်န်အိတ်ချ်ကေ**



ယဲလိုးနိုက်ဖ်တွင် တောမီးလောင်မှုကြောင့် မီးခိုးများပျံ့နှံ့နေသည်ကို ဩဂုတ် ၁၅ ရက် က တွေ့ရစဉ်။

## တောမီးလောင်မှုအပေါ် သတိပေးဥသြသံဆွဲရန် ပျက်ကွက်ခဲ့သည်ဆိုသည့် ဝေဖန်မှုများထွက်ပေါ်လာပြီးနောက် မော်ဝီကျွန်း အရေးပေါ်စီမံခန့်ခွဲမှု အကြီးအကဲ ရာထူးမှ နုတ်ထွက်

**ဟာဝိုင်ယီ ဩဂုတ် ၁၈**

ဟာဝိုင်ယီကျွန်းစုတွင် ပါဝင်သည့် မော်ဝီကျွန်းအရေးပေါ် စီမံခန့်ခွဲမှု အကြီးအကဲသည် ကျန်းမာရေး အခြေအနေကြောင့် ရာထူးမှ နုတ်ထွက်ခဲ့သည်။ တောမီးသည် လူနေဒေသသို့ ချဉ်းကပ်ရောက်ရှိလာချိန်တွင် သတိပေးဥသြသံများဆွဲရန် ဆုံးဖြတ်ချက်မချနိုင်ခဲ့သည့်အတွက် ဝေဖန်မှုများ မြင့်တက်လာချိန်တွင် ၎င်း၏ ရာထူးမှ နုတ်ထွက်မှုဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ဒေသ အာဏာပိုင်များက မော်ဝီစီရင်စု အရေးပေါ်စီမံခန့်ခွဲမှု အေဂျင်စီ အကြီးအကဲဖြစ်သူ ဟာမန်အန်ဒါယာ **(အောက်ပုံ)** သည် ၎င်း၏ ရာထူးမှနုတ်ထွက်လွှာကို မော်ဝီ မြို့တော်ဝန်ထံသို့ ဩဂုတ် ၁၇ ရက်က တင်သွင်းခဲ့ကြောင်း ပြောသည်။



အန်ဒါယာက မိမိအနေဖြင့် သတိပေးဥသြဆွဲသံကို အသုံးမပြုခဲ့သည့်အတွက် နောင်တမရမိကြောင်း ယခင်တစ်ရက်က ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ အဆိုပါ သတိပေးဥသြဆွဲသံကို ဆူနာမီအတွက် အသုံးပြုရန် သတ်မှတ်ထားခဲ့ကြောင်း၊ တောမီးအတွက် မဟုတ်ကြောင်းနှင့် အချက်ပေးဥသြဆွဲခဲ့ပါက ပြည်သူများကို ကုန်းမြင့်ဒေသများသို့ ပြောင်းရွှေ့ရန်သာ လေ့ကျင့်ထားပေးကြောင်း ၎င်းက ပြောသည်။

ပြည်သူများအနေဖြင့် အချက်ပေးဥသြဆွဲသံကြားခဲ့ပါက တောင်ကုန်းဒေသသို့သာ သွားရောက်နိုင်ကြောင်း ၎င်းက ပြောသည်။

သို့သော်လည်း လွန်ခဲ့သော သုံးနှစ်က ဒေသအာဏာပိုင်များ ထုတ်ဝေခဲ့သော ဗီဒီယိုဖိုင်တွင် ယင်းကဲ့သို့သော ပြောကြားချက်မျိုးကို ဆန့်ကျင်ထားသည်။ သတိပေးအချက်ပေးသံကို တောမီးအပါအဝင် အမျိုးမျိုးသောအရေးပေါ် ကိစ္စရပ်များအတွက်ပါ အသုံးပြုရန် ဆိုလိုကြောင်း ဖော်ပြထားသည်။

မော်ဝီမြို့တော်ဝန်က အန်ဒါယာ နေရာတွင် အခြားတစ်ယောက်ကို အမြန်ဆုံးအစားထိုးခန့်အပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ တောမီးလောင်မှုကြောင့် လူပေါင်း ၁၁၁ ဦး သေဆုံးခဲ့ပြီး တောမီးအကြီးအကျယ်လောင်မှုဖြစ်ပွားခဲ့သော ဧရိယာ၏ ၄၀ ရာခိုင်နှုန်းကို ရှာဖွေမှုများ ဆက်လက် လုပ်ဆောင်လျက်ရှိသည်။ **အင်န်အိတ်ချ်ကေ**



## အီရန်နိုင်ငံမြို့တော် တီဟီရန်၌ ဆော်ဒီသံရုံး ပြန်လည်ဖွင့်လှစ်

**တီဟီရန် ဩဂုတ် ၁၈**

ဆော်ဒီအာရေဗျနိုင်ငံသည် အီရန်နိုင်ငံမြို့တော် တီဟီရန်တွင် ၎င်းတို့၏ သံရုံးကို ဖွင့်လှစ်ခဲ့သည်။ ဆော်ဒီမြို့တော် ရီယာ့ဒ်ရှိ အီရန်သံရုံးသည်လည်း ပြီးခဲ့သည့် ဇွန်လမှစတင်ကာ ၎င်းတို့၏လုပ်ငန်းများကို စတင်လည်ပတ်ခဲ့သည်။

ရီယာ့ဒ်မြို့တွင် ဩဂုတ် ၁၇ ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ နှစ်ဖက်စလုံးမှ နိုင်ငံခြားရေးဝန်ကြီးဌာနများသည် သံရုံးပြန်လည်ဖွင့်လှစ်ကြောင်းကို ကြေညာခဲ့သည်။ အီရန်နှင့် ဆော်ဒီတို့သည် ဒေသတွင်း လွှမ်းမိုးနိုင်မှုကို ယှဉ်ပြိုင်ခဲ့ပြီးနောက် ၂၀၁၆ ခုနှစ်တွင် ၎င်းတို့၏ သံတမန်ဆက်ဆံရေးကို ဖြတ်တောက်ခဲ့သည်။

မတ်လအတွင်းမှစတင်ကာ အီရန်နှင့်ဆော်ဒီတို့သည် တရုတ်နိုင်ငံ၏ ကြားဝင်စေ့စပ်ပေးမှုဖြင့် သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်ရန် သဘောတူခဲ့ကြသည်။ ဆော်ဒီနိုင်ငံဆိုင်ရာ အီရန်သံအမတ်ကြီး အလီရီဇာအီနာရာတီသည် ပြီးခဲ့သည့်လအတွင်းက အင်န်အိတ်ချ်ကေနှင့် စကားပြောခဲ့သည်။ အီရန်နိုင်ငံသည် ပင်လယ်ကွေ့နိုင်ငံများနှင့် ဆက်ဆံရေးတိုးတက်အောင် ပြုလုပ်သွားမည်ဟု ၎င်းကပြောသည်။

နှစ်နိုင်ငံရင်းနှီးသည့် ဆက်ဆံရေးထူထောင်ရန်လည်း ရည်ရွယ်ထားသည်ဟု ၎င်းကပြောသည်။ ဆော်ဒီနိုင်ငံသည်လည်း အမေရိကန်၏ အကူအညီဖြင့် အစ္စရေးနှင့်ပိုမိုကောင်းမွန်သည့် ဆက်ဆံရေးရှိရန် ကြိုးပမ်းနေသည်။ အီရန်နှင့် ဆော်ဒီတို့၏ ပုံမှန်ဆက်ဆံရေးထူထောင်ခြင်းဖြင့် ဒေသတွင်း တည်ငြိမ်ရေးကို ဦးတည်နိုင်ခြင်းရှိ မရှိကိုမူ မသေချာသေးပေ။ **အင်န်အိတ်ချ်ကေ**

## အမေရိကန်ဘီလီယံနာသူဌေးကြီး အီလွန်မက်ခ် ဂျပန်နိုင်ငံသို့ ရောက်ရှိ

**တိုကျို ဩဂုတ် ၁၈**

အမေရိကန်ဘီလီယံနာသူဌေးကြီး အီလွန်မက်ခ် **(အောက်ပုံ)** သည် လတ်တလောတွင် ဂျပန်နိုင်ငံသို့ သွားရောက် လည်ပတ်လျက်ရှိသည်။ အီလွန်မက်ခ်သည် ဂျပန်နိုင်ငံသို့ ကိုးနှစ်အတွင်း ပထမဆုံးအကြိမ် သွားရောက်ခြင်းဖြစ်သည်။

အီလွန်မက်ခ်က အံ့သြဖွယ်ကောင်းသည့် ဂျပန်နိုင်ငံသို့ ရောက်ရှိနေကြောင်း ယခင်က တွစ်တာဟုလူသိများသော X တွင် ရေးသားခဲ့သည်။ အဆိုပါ ပို့စ်သည် ဩဂုတ် ၁၇ ရက်စွဲဖြင့် တက်လာခဲ့ခြင်းဖြစ်သည်။

မက်ခ်သည် ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့သည့် အကြောင်းပြချက်ကို မဖော်ပြခဲ့ပေ။ မက်ခ်သည် တက်စ်လာမော်တော်ကား ထုတ်လုပ်ရေး၏ အမှုဆောင်အရာရှိချုပ်တစ်ဦးလည်းဖြစ်သည်။ တက်စ်လာသည် ဂျပန်ကုမ္ပဏီများနှင့် ဆက်သွယ်ဆောင်ရွက်မှုများရှိသည်။

တက်စ်လာသည် ပန်နာဆိုးနစ်ကုမ္ပဏီနှင့် လျှပ်စစ်မော်တော်ကား ဘက်ထရီများ ထုတ်လုပ်ရန် ပူးပေါင်းထားသည်။

တက်စ်လာကား ထုတ်လုပ်ရေးသည် တိုယိုတာကုမ္ပဏီထံမှ ရန်ပုံငွေကိုလည်း ရရှိထားသည်။ လွန်ခဲ့သော ၂၀၁၄ ခုနှစ်တွင် ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့စဉ်က ကျင်းပခဲ့သော သတင်းစာရှင်းလင်းပွဲတစ်ခုတွင် မက်ခ်က တက်စ်လာသည် ဂျပန်ကား ဈေးကွက်ထဲသို့ အရှိန်အဟုန်ဖြင့် ဝင်ရောက်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**



## အီသီယိုးပီးယားနိုင်ငံ၌ ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း စွမ်းအင်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၀၂ သန်းရရှိ

**အဒစ်အဘာဘာ ဩဂုတ် ၁၈**

အီသီယိုးပီးယားနိုင်ငံသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ဖြစ်သည့် ဇူလိုင် ၇ ရက်အထိ အိမ်နီးချင်းများဖြစ်သည့် ဆူဒန်၊ ကင်ညာနှင့် ဂျီဘူတီနိုင်ငံတို့သို့ စွမ်းအင်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၀၂ သန်း ဝင်ငွေရရှိကြောင်း အီသီယိုပီးယား အာဏာပိုင်များက ဩဂုတ် ၁၇ ရက်က ပြောကြားသည်။

အရှေ့အာဖရိက နိုင်ငံဖြစ်သည့် အီသီယိုးပီးယားနိုင်ငံ၏ စွမ်းအင်တင်ပို့မှုမှရရှိသည့် ဝင်ငွေသည် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်က အမေရိကန်ဒေါ်လာ ၉၅ သန်း ရရှိရာမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ၄ ရာခိုင်နှုန်းတိုးလာကြောင်း နိုင်ငံပိုင်အီသီယိုးပီးယား လျှပ်စစ်စွမ်းအား ရောင်းဝယ်မှု စီမံခန့်ခွဲရေးရုံးမှ အကြီးအကဲဖြစ်သူ မန်လစ်ဂယ်တာဟန်က ပြောကြားသည်။

အီသီယိုးပီးယား နိုင်ငံသည် ဆူဒန်ပဋိပက္ခကြောင့် မပေးချေရသေးသည့် စွမ်းအင်ကုန်ကျစရိတ်၏ အမေရိကန်ဒေါ်လာ သန်း ၅၀ ဝန်းကျင်ကို ဖြေရှင်းရန် လက်ရှိတွင် လုပ်ဆောင်နေကြောင်း ၎င်းက ဆက်ပြောသည်။ အီသီယိုးပီးယားအစိုးရက လာမည့် ၁၀ နှစ်အတွင်း နိုင်ငံ၏ လျှပ်စစ်စွမ်းအား တင်ပို့မှုမှ ဝင်ငွေသည် အမေရိကန်ဒေါ်လာ သန်း ၄၀၀ အထိ တိုးမြှင့်ရန် ယခင်က ကြေညာခဲ့သည်။ **ဆင်ဟွာ**

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဩဂုတ် ၁၈**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့်စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူ အားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## ပေါင်မြို့နယ်၌ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်း အသိပညာပေးရှင်းလင်း

**ပေါင် ဩဂုတ် ၁၈**

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ တည်ဆဲဥပဒေများနှင့်အညီ ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းနှင့်စပ်လျဉ်း၍ အသိပညာပေးရှင်းလင်းခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝါရီရှူခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် မွန်ပြည်နယ် ပြည်တွင်းအခွန်များဦးစီးဌာနမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ချိုက အခွန်ပေးဆောင်ရခြင်း ရည်ရွယ်ချက်၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ ကျင့်သုံးနေသောဥပဒေများ၊ ကောက်ခံလျက်ရှိသော အခွန်အမျိုးအစားများ၊ လုပ်ငန်းရှင်များအား ပြေစာထုတ်ပေးခြင်းနှင့် ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန် ပျက်ကွက်မှုအပေါ် ဒဏ်ငွေတပ်ရိုက်ခြင်း၊ ပျက်ကွက်မှုအား တိုင်ကြားခြင်းများနှင့် စပ်လျဉ်းသည်တို့ကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် အခွန်ထမ်းလုပ်ငန်းရှင်များက သိလိုသည်များမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုပါရှင်းလင်းပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် ပေါင်မြို့နယ်အတွင်းရှိ ဟိုတယ်/တည်းခိုခန်း၊ စားသောက်ဆိုင်၊ ရွှေဆိုင်၊ လက်ကိုင်ဖုန်း (Handset)နှင့် ဆက်စပ်ပစ္စည်းဆိုင်များမှ အခွန်ထမ်းလုပ်ငန်းရှင်များ တက်ရောက်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



## လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် လျှပ်စစ်သုံးယာဉ်အတွက် အားသွင်းစက်များ ရန်ကုန်ဆိပ်ကမ်းရောက်ရှိ

**နေပြည်တော် ဩဂုတ် ၁၈**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Asia Pacific Automaker Corporation Co., Ltd. မှ တင်သွင်းလာသော Dongfeng EX1 Nano Box အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် ငါးစီး၊ Dongfeng E70 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် နှစ်စီး၊ Aung Gabar Motor Services Co., Ltd. မှ တင်သွင်းလာသော BAIC ARCFOX α T အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် အစီး ၂၀ စုစုပေါင်း လျှပ်စစ်သုံးမော်တော်ယာဉ် ၂၇ စီးနှင့် Aung Gabar Motor Services Co., Ltd. မှ တင်သွင်းလာသော လျှပ်စစ်သုံးယာဉ် အားသွင်းစက်(EV Charger, 7 KW) အခု ၂၀ သည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါ လျှပ်စစ်သုံး မော်တော်ယာဉ်နှင့် လျှပ်စစ်သုံးယာဉ် အားသွင်းစက်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သတင်းရရှိသည်။



သတင်းစဉ်

## ကြံခင်းမြို့နယ်၌ ကော်ဖီပျိုးပင်များ အခမဲ့ဖြန့်ဝေပေးသွားမည်

**ကြံခင်း ဩဂုတ် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်၌ ၂၀၂၃ ခုနှစ် မိုးရာသီ ကော်ဖီပျိုးပင်များ ပေးအပ်ပွဲနှင့် စိုက်ပျိုးပွဲကို ဩဂုတ် ၁၇ ရက်က ကြံခင်းမြို့နယ် မဲကုန်းကျေးရွာအုပ်စု တောင်သူ ဦးတင်ဌေး၏ ကျွန်းစိုက်ခင်း၌ ကျင်းပသည်။

အဆိုပါကော်ဖီးသီးနှံ စိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းတန်က ကော်ဖီသီးနှံစိုက် ကေပြည့်မီစွာ ထည့်သွင်းစိုက်ပျိုးရန် ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူးက ကော်ဖီသီးနှံ စိုက်ပျိုးနည်းစနစ်နှင့် အပင်ပြုစုစောင့်ရှောက်ခြင်း နည်းစနစ်များ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးမှူးက ကော်ဖီသီးနှံစိုက်ကေတိုးတက်စိုက်ပျိုး ထုတ်လုပ်ရေးလုပ်ငန်းအစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တောင်သူများအား ကော်ဖီသီးနှံပျိုးပင်များကို တောင်သူ ဦးတင်ဌေး၏ ကျွန်းစိုက်ခင်းတစ်ဧကတွင် စိုက်ပျိုးကြသည်။ ကြံခင်းမြို့နယ်အတွင်း ၂၀၂၃-၂၀၂၄ ရာသီအတွင်း ရိုဘက်စတာကော်ဖီပျိုးပင်များ ပျိုးထောင်ထားရှိပြီး မြေလွတ်၊ မြေရိုင်းဥယျာဉ်ခြံမြေများနှင့် အိမ်ခြံမြေများတွင် တစ်နိုင်တစ်ပိုင် စိုက်ပျိုးနိုင်ပြီး အရိပ်ရအပင်များနှင့် တွဲဖက် စိုက်ပျိုးနိုင်ကြောင်း၊ မြို့နယ်အတွင်းရှိ စိတ်ဝင်စားသော စိုက်ပျိုးရေး တောင်သူများအား ပျိုးပင်များကို အခမဲ့ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၁၈**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄ - ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့် အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။


ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ၂၀၂၃ ခုနှစ်၊ ဩဂုတ် ၁၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Khin Myint Oo” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် သံလျက်မှော်တောင်ရပ်ကွက်နေ ခင်မြင့်ဦး(ခ)ရှာရှာကြီးအား နံနက် ၁၀ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ “Moh Moh Kyi” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်နေ မိုးမိုးကြည်အား ည ၁၁ နာရီ ၁၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# သာသနာတော် ထိခိုက်ညှိုးနွမ်းစေရန် ဖန်တီးပုံဖော်၍ ရုပ်ရှင်ဇာတ်လမ်း ရိုက်ကူးခဲ့သူများအား ဖမ်းဆီးအရေးယူ

သာသနာတော်ကို ထိခိုက်ညှိုးနွမ်းစေရန် ဖန်တီးပုံဖော်ရိုက်ကူးထားသည် “ဘာမှမမျှော်လင့်ပါနဲ့(Don’t expect anything )”ဇာတ်လမ်းအား ရိုက်ကူးခဲ့သူနှင့် ပါဝင်သရုပ်ဆောင်သူများအား ဖမ်းဆီးရမိမှု အခြေပြဇယား




နေပြည်တော် ဩဂုတ် ၁၈

လူမှုကွန်ရက် စာမျက်နှာများဖြစ်သည့် isi Dhamma Youtube Channel နှင့် Tiktok တို့တွင် ဇူလိုင် ၂၄ ရက်က ဗုဒ္ဓဘာသာ၊ သာသနာတော်နှင့် သံဃာတော်များအပေါ် အထင်အမြင်လွဲမှားစေရန် ဖန်တီးပုံဖော်ထားသည့် “ဘာမှမမျှော်လင့်ပါနဲ့ (Don’t expect anything!)” အမည်ရှိ ဇာတ်လမ်းစတင်ပျံ့နှံ့ခဲ့ရာ အဆိုပါဇာတ်လမ်းတွင် အမျိုးသမီးငယ်တစ်ဦးက ဗုဒ္ဓဘာသာဝင်တို့၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်း အစဉ်အလာများကို ထိခိုက်ညှိုးနွမ်းစေပြီး ရဟန်း သံဃာတော်များ၏ အကျင့်သီလအား ပုတ်ခတ်စော်ကားသော အပြောအဆိုနှင့် ရိုင်းပျသည့် စကားလုံးအသုံးအနှုန်းများ ထည့်သွင်းပြောဆိုသွားခဲ့ကြောင်း တွေ့ရှိခဲ့ရသည်။

အဆိုပါဇာတ်လမ်းတွင် ပါဝင်ခဲ့သူများအား ဥပဒေအရအရေးယူနိုင်ရေး ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၈ ရက်တွင် ဇာတ်ညွှန်း၊ ဒါရိုက်တာဖြစ်သူ ဆွစ်ဇာလန်နိုင်ငံသား Didier Nusbaumer နှင့် သရုပ်ဆောင်များဖြစ်သည့် ဆန်းဝင်း(ခ) ဦးဇာနိန္ဒ၊ ယွန်းအိခင်(ခ) ယွန်းယွန်း၊ ဇာနည်ဦး၊ ဝင်းမိုး၊ ကျော်သက်ထွေး(ခ)ဖိုးထူး၊ ရဲလင်းထွန်း (ခ)ကိုရဲ၊ ချမ်းချမ်းမေ(ခ) ခင်ရှုပါရှင်းသန့်၊ ရွှေရည်ဝင်း(ခ) ကဲကဲ၊ ကောင်းစံထွန်း(ခ) ကြယ်စင်၊ မိုးပြည့်ပြည့်သူ(ခ) ဂျူးဂျူးစံ၊ ခါတော်မီ(ခ)ခါခါ၊ ဖြိုးမောင်မောင် (ခ)ဂျိုးဆက်သွင်၊ ဉာဏ်လင်းဖြိုး (ခ) ဘရိုင်ယန်စသည့် တရားခံ ၁၄ ဦးတို့ကို ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်များအရ ဆွစ်ဇာလန်နိုင်ငံသား Didier Nusbaumer သည် “ဘာမှမမျှော်လင့်ပါနဲ့ (Don’t expect anything!)” ဇာတ်လမ်းအား ၎င်းကိုယ်တိုင် ဗုဒ္ဓဘာသာဝင် ရဟန်းသံဃာတော်များ၏ သိက္ခာ၊ ကိုယ်ကျင့်တရားများကို ထိခိုက်ကျဆင်းစေသည့် စကားလုံးအသုံးအနှုန်းများဖြင့် ဇာတ်ညွှန်းရေးသား၍ ကိုယ်တိုင်ရိုက်ကူးတည်းဖြတ်ကာ ဇူလိုင် ၂၄ ရက်တွင် isi Dhamma Youtube Channel မှတစ်ဆင့် လွှင့်တင်ခဲ့ခြင်း ဖြစ်ကြောင်း၊

ဇာတ်လမ်း၏ အဓိကအခန်းကဏ္ဍတွင် ပါဝင်သရုပ်ဆောင်ခဲ့သူ ဆောင်သူများ၏ သရုပ်ဆောင်ချက်၊ ပြောကြားချက်၊ စကားလုံးအသုံးအနှုန်းများသည် ဒါရိုက်တာဖြစ်သူ Didier Nusbaumer ကိုယ်တိုင် ရေးသားထားသော ဇာတ်ညွှန်းများအတိုင်း ပြောဆိုခဲ့ရခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဇာတ်လမ်း၏ အဓိကအခန်းကဏ္ဍတွင် ပါဝင်သရုပ်ဆောင်ခဲ့သူများအနေဖြင့် ၎င်းတို့ကိုယ်တိုင် ဗုဒ္ဓဘာသာဝင်များ ဖြစ်ပါလျက် ကိုယ်အမူအရာ၊ နှုတ်အမူအရာဖြင့် ရဟန်းသံဃာတော်များ၏ ဂုဏ်သိက္ခာနှင့် ကိုယ်ကျင့်တရားများကို ထိခိုက်ကျဆင်းစေသည်အထိ ဆင်ခြင်တုံတရားမဲ့စွာ ပြုမူ ဆောင်ရွက်ခဲ့ကြသည့်အပြင် ဇာတ်လမ်းကို ကြည့်မြင်ရသည့် ဗုဒ္ဓဘာသာဝင်တို့၏ စိတ်နှလုံးကို ထိခိုက်စေပြီး ကိုးကွယ်ယုံကြည်မှုနှင့် ဘာသာ၊ သာသနာကို စော်ကားသည့် အပြုအမူများ သက်ရောက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် အထက်ဖော်ပြပါ ဖမ်းဆီးရမိ တရားခံများအား တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## အများပြည်သူ သိရှိနိုင်ရေး အသိပေးကြေညာချက်

ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ဆေးဝါးများ ဘေးအန္တရာယ်ကင်းရှင်းမှုရှိစေရန်နှင့် အရည်အသွေး၊ အကျိုးအာနိသင် ထိရောက်မှုရှိစေရန် ဆေးဝါးမှတ်ပုံတင်ခြင်း၊ ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်းလုပ်ငန်းများကို စနစ်တကျ စိစစ်ဆောင်ရွက်လျက်ရှိပါသဖြင့် Myanmar FDA Registration အမှတ်ပါရှိသော ဆေးဝါးများကိုသာ သုံးစွဲကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (မြန်မာ) ၏အကြောင်းကြားချက်အရ Moderna Co. မှ **အတု**ဟု အတည်ပြုထားသည့် Moderna COVID–19 Bivalent Original & Omicron BA.4/BA.5 (Lot No. AS7185B နှင့် Lot No. AS7144B) ကာကွယ်ဆေးအတုများကို အချို့ဆေးခန်းများနှင့် Online Clinic များတွင် Online Facebook Page များမှတစ်ဆင့် ရောင်းချ ထိုးနှံနေကြောင်း သိရှိရပါသည်။ Moderna Co. အနေဖြင့် မြန်မာနိုင်ငံသို့ ရောင်းချခြင်းနှင့် လှူဒါန်းခြင်းမရှိပါကြောင်း ဖော်ပြပါရှိပါသည်။

အများပြည်သူအနေဖြင့် အဆိုပါတရားမဝင်ကာကွယ်ဆေးအတုများကို သိရှိနိုင်စေရန်နှင့် တရားမဝင်ကာကွယ်ဆေးထိုးနေသည့် ဆေးခန်း၊ Online Facebook များ၏ ကာကွယ်ဆေးထိုးနှံပေးနေခြင်းများကို ရှောင်ရှားနိုင်စေရန် အသိပေးအပ်ပါသည်။

သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ထိုးနှံပေးလျက်ရှိသော ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးအာနိသင် ထိရောက်မှုရှိသော အသိအမှတ်ပြုကာကွယ်ဆေးများကို ထိုးနှံကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**အစားအသောက်နှင့်**
**ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**

### Moderna COVID–19 Bivalent Original and Omicron BA.4/BA.5

| Falsified Lot AS7185B | Falsified Lot AS7144B |
| --- | --- |
|  |  |
|  | |

---

## မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေ

နေပြည်တော် ဩဂုတ် ၁၈

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ဇလွန်မြို့တွင် ၃ ဒသမ ၄၆ လက်မ၊ ဖျာပုံမြို့တွင် ၃ ဒသမ ၀၇ လက်မ၊ မိုးကောင်းမြို့တွင် ၃ ဒသမ ၀၃ လက်မ၊ သံတွဲမြို့တွင် ၂ ဒသမ ၈၇ လက်မ၊ အင်္ဂပူမြို့တွင် ၂ ဒသမ ၇၉ လက်မ၊ မိုးမိတ်(မြစ်ဆုံ)တွင် ၂ ဒသမ ၅၆ လက်မ၊ သာယာဝတီမြို့တွင် ၂ ဒသမ ၄၈ လက်မ၊ ကျောင်းကုန်းမြို့တွင် ၂ ဒသမ ၃၂ လက်မ၊ ငါးသိုင်းချောင်းမြို့တွင် ၂ ဒသမ ၂၄ လက်မ၊ မိုးညှင်းမြို့တွင် ၂ ဒသမ ၂၀ လက်မနှင့် မြောင်းမြမြို့တွင် ၂ ဒသမ ၁၇ လက်မတို့ဖြစ်ကြသည်။

**မိုး/ဇလ**

# ၂၀၂၃ ခုနှစ်၊ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပရေးအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသော ပြိုင်ပွဲအဆင့်နှင့် ဘာသာရပ်များ

၁။ **ယှဉ်ပြိုင်ရန်သတ်မှတ်ထားသော ပြိုင်ပွဲအဆင့်**

(က) ဝါသနာရှင်(ပထမတန်း)အဆင့်

( ခ ) ဝါသနာရှင်(ဒုတိယတန်း)အဆင့်

( ဂ ) အဆင့်မြင့်ပညာအဆင့်

(ဃ) အခြေခံပညာ(အသက် ၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း)အဆင့်

( င ) အခြေခံပညာ(အသက် ၁၀ နှစ်ပြည့်မှ ၁၅ နှစ်အတွင်း)အဆင့်

၂။ **ယှဉ်ပြိုင်ရန်သတ်မှတ်ထားသော ဘာသာရပ်များ**

**(က) အဆိုပြိုင်ပွဲ**

(၁) မဟာဂီတ(အဆင့်အားလုံး)

(၂) ခေတ်ဟောင်းတေး/ကာလပေါ်(အဆင့်အားလုံး)

(၃) အမျိုးဂုဏ်၊ဇာတိဂုဏ်မြှင့်တင်ရေးတေးသီချင်းပြိုင်ပွဲ{ဝါသနာရှင်(ဒုတိယတန်း) အဆင့်၊ အဆင့်မြင့်ပညာအဆင့်}

**( ခ ) အကပြိုင်ပွဲ**

(၁) အကပြိုင်ပွဲ(အမျိုးသား၊ အမျိုးသမီး)(အဆင့်အားလုံး)

(၂) မြန်မာအကအခြေခံကဗျာလွတ်အက (ပထမအဆင့်)(အမျိုးသမီး) ၁၆ ဦး ယိမ်းအက ပြိုင်ပွဲ(အခြေခံပညာ အသက် ၁၀ နှစ်ပြည့်မှ ၁၅ နှစ်အတွင်းအဆင့်)

(၃) တိုင်းရင်းသားရိုးရာအက/ကျေးလက်ရိုးရာအကပြိုင်ပွဲ(တစ်ဖွဲ့လျှင် ၁၆ ဦး၊ ကြာမြင့်ချိန် အနည်းဆုံး ၅ မိနစ်မှ ၁၀ မိနစ်ထက်မပိုသော တေးသီချင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရန်၊)

(၄) ရှမ်းတိုင်းရင်းသားရိုးရာအကပြိုင်ပွဲ(၁၆ - ဦး)

(၅) ဇာတ်တော်ကြီးပြိုင်ပွဲ၊ ဝါသနာရှင်(ပထမတန်း) အဆင့်တွင် မဟောသဓာဇာတ်တော်ကြီး(ပြိုင်ပွဲဝင်ရန်သတ်မှတ်ချိန်မှာ ၃ နာရီဖြစ်ပြီး ပြိုင်ပွဲဝင်အင်အားမှာ တစ်ဖွဲ့လျှင် ဆိုင်ပြောနှင့်အခြားပညာရှင်၂၃ ဦး၊ ဆိုင်း ၇ ဦး စုစုပေါင်း ၃၀ ဦး ယှဉ်ပြိုင်ရန်၊)

(၆) ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲ၊ ဝါသနာရှင်(ပထမတန်း)အဆင့်တွင် ပညာရှွေအိုးဇာတ် (ပြိုင်ပွဲဝင်ရန် သတ်မှတ်ချိန်မှာ ၁နာရီ ၃၀ မိနစ်ဖြစ်ပြီး ပြိုင်ပွဲဝင်အင်အားမှာ တစ်ဖွဲ့လျှင် ကြိုးဆွဲနှင့် ဆိုင်ပြောပညာရှင် ၁၃ ဦး၊ ဆိုင်း ၇ ဦးဖြင့် စုစုပေါင်း ၂၀ ဦး ယှဉ်ပြိုင်ရန်၊)

(၇) ရုပ်သေးကြိုးဆွဲပြိုင်ပွဲ၊ ဝါသနာရှင်(ဒုတိယတန်း)အဆင့် (အမျိုးသား၊ အမျိုးသမီး) (မင်းသားနှင့် မင်းသမီးရုပ်ဖြင့်ယှဉ်ပြိုင်ရန်၊ )

(၈) **ကွက်စိပ်ပြိုင်ပွဲ**

(ကက) ဝါသနာရှင်(ပထမတန်း)အဆင့်(အမျိုးသား)၊ တိလမုဋ္ဌိဇာတ်၊

( ခခ ) ဝါသနာရှင်(ဒုတိယတန်း)အဆင့်(အမျိုးသား)၊ သသပဏ္ဍိတဇာတ်။

**( ဂ ) အရေးပြိုင်ပွဲ**

(၁) ဝါသနာရှင်(ပထမတန်း)အဆင့် (အမျိုးသား/အမျိုးသမီး)

(၂) ဝါသနာရှင်(ဒုတိယတန်း)အဆင့် (အမျိုးသား/အမျိုးသမီး)

(၃) အဆင့်မြင့်ပညာအဆင့် (အမျိုးသား/အမျိုးသမီး)

(၄) အခြေခံပညာ(အသက် ၁၅နှစ်ပြည့်မှ၂၀နှစ်အတွင်း)အဆင့်(အမျိုးသား/ အမျိုးသမီး)

**(ဃ) အတီးပြိုင်ပွဲ**

| | | | |
|---|---|---|---|
| (၁) | စောင်း | - | တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး) |
| (၂) | စန္ဒရား | - | တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး) |
| (၃) | ပတ္တလား | - | တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး) |
| (၄) | တယော | - | တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး) |
| (၅) | မယ်ဒလင် | - | တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး) |
| (၆) | ဂီတာ | - | တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး) |
| (၇) | ဒုံမင်း | - | တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး) |
| (၈) | ဆိုင်းတစ်ဦးချင်း | - | တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး) |
| (၉) | ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် | - | အဖွဲ့လိုက်(အမျိုးသား-၈ ဦး၊ အမျိုးသမီး - ၈ ဦး) |
| (၁၀) | နှဲ | - | တစ်ဦးချင်း(အမျိုးသား) |
| (၁၁) | ပလွေ | - | တစ်ဦးချင်း(အမျိုးသား) |
| (၁၂) | အိုးစည် | - | အဖွဲ့လိုက်(အမျိုးသား - ၅ ဦး) |
| (၁၃) | ဒိုးပတ် | - | အဖွဲ့လိုက်(အမျိုးသား - ၆ ဦး) |

**မှတ်ချက်။** အိုးစည်ပြိုင်ပွဲနှင့် ဒိုးပတ်ပြိုင်ပွဲများတွင် ဝါသနာရှင်(ပထမတန်း)အဆင့်၊ ဝါသနာရှင်(ဒုတိယတန်း)အဆင့်၊ အဆင့်မြင့်ပညာအဆင့်နှင့် အခြေခံပညာ (အသက် ၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း)အဆင့်တို့ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ကျန်အတီးပြိုင်ပွဲများတွင် အဆင့်အားလုံး ယှဉ်ပြိုင်ရန်။)

*(ဆက်လက်ဖော်ပြပါမည်)*

## အာဆီယံ ယူ-၂၃ ပြိုင်ပွဲ နောက်တစ်ဆင့်တက်ရေး အရေးပါသည့်ပွဲအဖြစ် မြန်မာနှင့် ကမ္ဘောဒီးယား ယနေ့ယှဉ်ပြိုင်မည်

**ရန်ကုန် ဩဂုတ် ၁၈**

ထိုင်းနိုင်ငံ၌ ကျင်းပလျက်ရှိသည့် ၂၀၂၃ အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု (က) ဒုတိယနေ့အဖြစ် မြန်မာအသင်းသည် ကမ္ဘောဒီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အုပ်စု (က) ဒုတိယနေ့အဖြစ် ဩဂုတ် ၁၉ ရက် **(ယနေ့)** မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် မြန်မာအသင်းနှင့် ကမ္ဘောဒီးယားအသင်း၊ မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် အိမ်ရှင်ထိုင်းအသင်းနှင့် ဘရူနိုင်းအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပြိုင်ပွဲကို အုပ်စု သုံးခုခွဲ၍ ကျင်းပနေပြီး အုပ်စုသုံးခုမှ ထိပ်ဆုံး သုံးသင်းနှင့် ဒုတိယနေရာရ အသင်းများအနက် အကောင်းဆုံး တစ်သင်း၊ စုစုပေါင်း လေးသင်းသာ ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်ရာ မြန်မာအသင်းအနေဖြင့် လက်ကျန်နှစ်ပွဲစလုံးအနိုင်ရမှသာ အကောင်းဆုံးအုပ်စု ဒုတိယနေရာကို မျှော်လင့်နိုင်မည်ဖြစ်သည်။ အထူးသဖြင့် ယနေ့ယှဉ်ပြိုင်ရမည့် ကမ္ဘောဒီးယားနှင့်ပွဲမှာ အရေးပါနေပြီး အနိုင်ရမှသာ ဆက်လက်မျှော်လင့်နိုင်မည်ဖြစ်သည်။ ဩဂုတ် ၁၇ ရက်က ကစားသည့် အုပ်စု (က) ပထမနေ့တွင် ထိုင်းအသင်းက မြန်မာအသင်းကို သုံးဂိုးပြတ်၊ ကမ္ဘောဒီးယားအသင်းက ဘရူနိုင်းအသင်းကို ငါးဂိုးပြတ်အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် အုပ်စုပထမပွဲကစားသည့် ထိုင်းအသင်းကို ဂိုးပြတ်အရေးနိမ့်ခဲ့သော်လည်း ခြေစွမ်းအရ အပြန်အလှန်ကစားနိုင်ခဲ့ပြီး ရရှိသည့်ဂိုးသွင်းခွင့်များ အသုံးမချနိုင်၍သာ အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။ အဖွင့်ပွဲတွင် အရေးနိမ့်ထားသည့် မြန်မာအသင်းအနေဖြင့် မဖြစ်မနေအနိုင်ရရန် လိုအပ်သည့်ပွဲလည်းဖြစ်သည်။ မြန်မာအသင်းနှင့် ကမ္ဘောဒီးယားအသင်းသည် မေလက ကစားသည့် ဆီးဂိမ်းပြိုင်ပွဲတွင် တွေ့ဆုံစဉ် မြန်မာအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

**ရဲရင့်လွင်**

### ❖ ကျော်ဖုံးမှ

ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ အာဆီယံဇုန် ခြေစစ်ပွဲ Play-off ပွဲစဉ်များကိုဩဂုတ် ၂၃ ရက်တွင် ကျင်းပမည်ဖြစ်ပြီး အင်ဒိုနီးရှားကလပ် မာကာဆာအသင်းနှင့် မြန်မာကလပ် ရန်ကုန်ယူနိုက်တက်အသင်း၊ စင်ကာပူကလပ် တမ်ပနိစ်ရိုဗာအသင်းနှင့် ကမ္ဘောဒီးယားကလပ် ဖနွမ်းပင်ခရောင်းအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ခြေစစ်ပွဲများကို တစ်ကျော့တည်းကျင်းပမည်ဖြစ်ပြီး ရန်ကုန်အသင်းသည် အကြိုခြေစစ်ပွဲကို အိမ်ကွင်းကစားရသော်လည်း Play-off ပွဲစဉ်ကို အဝေးကွင်းသွားရောက်ကစားရခြင်းဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် AFC Cup အာဆီယံဇုန် အကြိုခြေစစ်ပွဲတွင် ဘရူနိုင်းကလပ် DPMM အသင်းကို နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရခဲ့သဖြင့် ခြေစစ်ပွဲ Play-off အဆင့် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ မာကာဆာသည် အင်ဒိုနီးရှားလိဂ်၏ ထိပ်သီးကလပ်ဖြစ်သည်။ ရန်ကုန်ယူနိုက်တက်သည် မြန်မာကလပ်များတွင် AFC Cup ပြိုင်ပွဲ အကြိမ်အများဆုံး ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရထားသည်။

လာမည့် AFC Cup ပြိုင်ပွဲတွင် မြန်မာကလပ် နှစ်သင်း ယှဉ်ပြိုင်ခွင့်ရထားပြီး ရှမ်းယူနိုက်တက်အသင်းမှာမူ အုပ်စုအဆင့်မှ စတင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ရဲရင့်လွင် ၊ ဓာတ်ပုံ - သော်လေး**

## ပရီမီယာလိဂ်ပွဲစဉ် (၂) စပါးနှင့် မန်ယူ၊ ဝက်စ်ဟမ်းနှင့် ချယ်ဆီး၊ ပဲလေ့စ်နှင့် အာဆင်နယ်တွေ့ဆုံ

ယခုတစ်ပတ် ပရီမီယာလိဂ်ပွဲစဉ် (၂) မှာ စပါးနဲ့ မန်ယူ၊ ဝက်စ်ဟမ်းနဲ့ ချယ်ဆီး၊ ပဲလေ့စ်နဲ့ အာဆင်နယ် စတဲ့အသင်းတွေ ထိပ်တိုက်တွေ့ဆုံတဲ့ ပွဲစဉ်တွေ ပါဝင်ပါတယ်။

မန်ယူက ပြီးခဲ့တဲ့ပွဲမှာ ဝုဖ်ကို အနိုင်ရရှိခဲ့တယ်ဆိုပေမယ့် ခြေစွမ်းက အားရစရာမရှိဘူး။ စပါးက ဘရန့်ဖို့ဒ်နဲ့ပွဲမှာ သရေကျခဲ့တယ်ဆိုပေမယ့် ခြေစွမ်းထက်မြက်မှုရှိတယ်။ မန်ယူထက် စပါးအသာရဖွယ်ရှိတယ်။ အဆိုပါပွဲကို ဩဂုတ် ၁၉ ရက် ည ၁၁ နာရီမှာ ယှဉ်ပြိုင်မှာပါ။

အဖွင့်ပွဲစဉ်မှာ ဗီလာရော အဲဗာတန်ပါ ရှုံးနိမ့်ထားတာကြောင့် နှစ်သင်းစလုံး နိုင်ပွဲရရေးဦးတည်လာမှာပါ။ နည်းပြ အူနိုင်းအမ်မရီရဲ့ ဗီလာအသင်း ခြေစွမ်းက ဒိုက်ချီကိုင်တွယ်တဲ့ အဲဗာတန်အသင်းထက် ခြေစွမ်းကောင်းမွန်မှုရှိတယ်။ သို့သော်ငြား ရရှိလာမယ့်အခွင့်အရေး ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့ရင် ဗီလာအသင်း အရေးနိမ့်ဖွယ်ရှိတယ်။ ယင်းပွဲကို ဩဂုတ် ၂၀ ရက် ည ၇ နာရီခွဲမှာ ယှဉ်ပြိုင်မှာပါ။

ကစားသမားခေါ်ယူမှုမှာ ဗြိတိန်စံချိန်တင်ပြောင်းရွှေ့ကြေးအသုံးပြုထားတဲ့ ချယ်ဆီးအနေနဲ့ ဝက်စ်ဟမ်းကို မဖြစ်မနေနိုင်ပွဲရယူဖို့ ကြိုးစားလာမှာပါ။ ဝက်စ်ဟမ်းကလည်း အားထားရတဲ့ ကစားသမားအစုံအလင်နဲ့ ပွဲထွက်လာပြီး ရလဒ်ကောင်းရရှိရေး ခြေကုန်ထုတ်လာမှာဖြစ်တာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်ဖွယ်ရှိတယ်။ သို့သော်လည်း ချယ်ဆီးအသာ



ရဖွယ်ရှိတယ်။ အဆိုပါပွဲကို ဩဂုတ် ၂၀ ရက် ည ၁၀ နာရီမှာ ယှဉ်ပြိုင်မှာပါ။

နိုင်ပွဲရရှိထားတဲ့ အသင်းနှစ်သင်း ဆုံတွေ့မှုဖြစ်တာကြောင့် ပရိသတ်အကြိုက် ပွဲကောင်းတစ်ပွဲဖြစ်လာမှာပါ။ အာဆင်နယ်က ပြီးခဲ့တဲ့ပွဲမှာ ခြေစွမ်းကောင်းတချို့ ပြသနိုင်ခဲ့ပေမယ့် အခွင့်အရေးဖန်တီးမှုပိုင်းနဲ့ တိုက်စစ် အဆုံးသတ်ပိုင်းမှာ အတော်လေးအားနည်းတာတွေ့ရတယ်။ ဒါကြောင့် ပုံမှန်ထက် ခြေစွမ်းကျဆင်းခဲ့ရင် ပဲလေ့စ် အောင်ပွဲခံသွားဖွယ်ရှိတယ်။ ယင်းပွဲကို ဩဂုတ် ၂၁ ရက် နံနက် ၁ နာရီခွဲမှာ ယှဉ်ပြိုင်မှာပါ။

**လင်းလက်ကြယ်**

### ■ ကျော်ဖုံးမှ

နှစ်သင်းစလုံးက ခံစစ်ပိုင်းကျစ်လျစ်မှုရှိပြီး တိုက်စစ်ကောင်းသလို ပိုပြီးအကြိတ်အနယ်ရှိလာမှာပါ။ ယနေ့ပွဲစဉ်မှာ အင်္ဂလန်အသင်းက အားထားရတဲ့ တိုက်စစ်ကစားသမား လော်ရန်ဂျိမ်းစ် ပြန်လည်ပါဝင်လာမှာပါ။

မည်သို့ပင်ဆိုစေ စပိန်အသင်းရော အင်္ဂလန်အသင်းပါ ပထမဆုံးအကြိမ် ဖိုလ်လုပွဲကို တက်လှမ်းလာတာဖြစ်တဲ့အတွက် စံချိန်မှတ်တမ်းသစ်ရေးထိုးနိုင်ဖို့ အကောင်းဆုံးပြင်ဆင်လာမှာပါ။

ဒီနှစ်သင်း ၂၀၂၂ ခုနှစ် ဇူလိုင် ၂၁ ရက်က ယူရိုပြိုင်ပွဲကွာတားဖိုင်နယ်မှာ တွေ့ဆုံထားပြီး အင်္ဂလန်အသင်းက အချိန်ပိုမှာ သွင်းယူရရှိခဲ့တဲ့ စတန်ဝေးရဲ့ သွင်းဂိုးကြောင့် နှစ်ဂိုး - တစ်ဂိုးနဲ့ အနိုင်ရရှိထားတယ်။ အဲဒီပွဲစဉ်မှာ ရှုံးနိမ့်ခဲ့တယ်ဆိုပေမယ့် အင်္ဂလန်အသင်းထက် စပိန်အသင်းက သာလွန်တဲ့ စွမ်းဆောင်ရည်ထုတ်ပြနိုင်ခဲ့တာ တွေ့ရတယ်။

ဒါကြောင့် စပိန်အသင်းအနေနဲ့ ယူရိုကွာတားဖိုင်နယ်ရှုံးကြွေးပြန်ဆပ်ကာ ကမ္ဘာ့ဖလားကို သိမ်းပိုက်ရယူသွားနိုင်မလား ဒါမှမဟုတ် အင်္ဂလန်အသင်းက ထပ်မံအနိုင်ယူကာ ဖလားဆွတ်ခူးသွားမလား ဆိုတာ ဩဂုတ် ၂၀ ရက်မှာ အဆုံးအဖြတ်ပေးသွားတော့မှာ ဖြစ်ပါတယ်။

**အောင်ဇော်**

## တနင်္သာရီမြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ စက်လှေကိုင်တွယ် မောင်းနှင်ထိန်းသိမ်းမှုသင်တန်းဆင်းပွဲကျင်းပ

**တနင်္သာရီ ဩဂုတ် ၁၈**

တနင်္သာရီမြို့နယ် မီးသတ်ဦးစီးဌာန၏ စက်လှေကိုင်တွယ်မောင်းနှင် ထိန်းသိမ်းမှု မွမ်းမံ သင်တန်းဆင်းပွဲကို ယနေ့နံနက်က ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သက်ထူးက အမှာစကား ပြောကြားသည်။



သင်တန်းကို မြို့နယ်မီးသတ်စခန်းနှင့် အရန်မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များ တက်ရောက်ကြပြီး မီးသတ်တပ်ဖွဲ့ ဥပဒေ/နည်းဥပဒေများ၊ ရေယာဉ်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ၊ ရေယာဉ်ပါပစ္စည်းကိရိယာများ၊ မီးသတ်ပစ္စည်းကိရိယာများ ကိုင်တွယ်ထိန်းသိမ်းနည်း၊ တစ်ဦးချင်းရေယာဉ်လက်တွေ့မောင်းနှင်ခြင်းနှင့် ဆန်းစစ်လက်တွေ့မောင်းနှင်ပြသခြင်း စသည့်ဘာသာရပ်များဖြင့် ဩဂုတ် ၇ ရက်မှ ၁၈ ရက်အထိ စာတွေ့/ လက်တွေ့ လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

**နန်းသာရီ-ထိန်ဝင်း**

## အင်းစိန် အထက (၇)၌ လူငယ်အသိပညာပေး ဟောပြောပွဲနှင့် ကျပန်းစကားပြော ပြိုင်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၁၈**

ရန်ကုန်တိုင်းဒေသကြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (မြောက်ပိုင်းခရိုင်) နှင့် မြို့နယ်ပညာရေးဌာတို့ ပူးပေါင်း၍ လူငယ်အသိပညာပေး ဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကို ဩဂုတ် ၁၅ ရက် က အထက (၇) အင်းစိန်၌ ကျင်းပသည်။ မြို့နယ်သတင်းစာဆရာအသင်းနှင့် စာပေဥယျာဉ်အသင်းဥက္ကဋ္ဌ စာရေးဆရာ သတင်းစာဆရာ (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး) က “စာကြည့်တိုက်များကျေးဇူး” ခေါင်းစဉ်ဖြင့် ဟောပြောသည်။ ကျပန်းစကားပြောပြိုင်ပွဲကို ဆက်လက်ကျင်းပရာ အဆိုပါကျောင်းမှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့် ခေါင်းဆောင်မှုနှင့် လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်းစသည့် ခေါင်းစဉ်ပါအကြောင်းအရာများဖြင့် ယှဉ်ပြိုင်ကြပြီး ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ **ခရိုင်(ပြန်/ဆက်)**

## ချောက်မြို့နယ်၌ ဈေးနှုန်းသက်သာစွာဖြင့် စားသုံးဆီများ ရောင်းချပေး

**ချောက် ဩဂုတ် ၁၈**

မကွေးတိုင်းဒေသကြီး ချောက်မြို့၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန တာဝန်ခံ ဒေါ်မြတ်မြတ်မိုးသည် ယနေ့နံနက်က ဒေသခံပြည်သူများသို့ သက်သာသောဈေးနှုန်းဖြင့် စားသုံးဆီများ ရောင်းချပေးနေမှုကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်သည်။

ချောက်မြို့နယ်၌ ဒေါ်ပုနှင့်သမီးများ ဆီပွဲရုံနှင့် ဦးရဲမြင့် ပခုက္ကူသား ဆီပွဲရုံတို့က GrandUnity ဆီကုမ္ပဏီမှ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိသော စားအုန်းဆီများကို ဒေသခံပြည်သူများအား တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ နှုန်းဖြင့် လူတစ်ဦးလျှင် တစ်ပိဿာနှုန်း နေ့စဉ်နံနက် ၇ နာရီမှစတင်၍ ၎င်းတို့၏ ပွဲရုံများတွင် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။



အဆိုပါရောင်းချမှုကို ဆီပွဲရုံများတွင် နေ့စဉ်ဆီလက်ကျန်ကုန်ဆုံးသည်အထိ ရောင်းချပေးသွားမည်ဖြစ်ကြောင်းနှင့် ယနေ့တွင် ဒေါ်ပုနှင့် သမီးများဆီပွဲရုံမှ ဆီအချိန် ပိဿာ ၅၅၀နှင့် ဦးရဲမြင့်ပခုက္ကူသား ဆီပွဲရုံမှ ဆီအချိန် ပိဿာ ၃၃၀ ကို ရောင်းချပေးနိုင်ခဲ့ကြောင်း သိရသည်။

**ကျော်မိုး**



## တပ်ကုန်းမြို့၌ ခြောက်တန်းသွားကောက်စိုက်စက်ဖြင့် မိုးစပါးသရုပ်ပြသစိုက်ပျိုး

**တပ်ကုန်း ဩဂုတ် ၁၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ခြောက်တန်းသွား ကောက်စိုက်စက်ဖြင့် မိုးစပါးသရုပ်ပြသစိုက်ပျိုးခြင်းကို ယနေ့နံနက်က ငွေးပင်စံပြကျေးရွာ၊ စနစ်ကျလယ်ယာမြေ၊ ကွင်းအမှတ် ၂၀၄၄ ကွင်း၊ တောင်သူဦးမြ၏ လယ်မြေ၌ ကျင်းပသည်။

သရုပ်ပြသစိုက်ပျိုးရာတွင် နေပြည်တော် စက်မှုလယ်ယာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးနိုင်ဦးက ကောက်စိုက်စက်ဖြင့် စိုက်ပျိုးမှုအားသာချက်များ ရှင်းလင်းပြောကြားခြင်း၊ ဥတ္တရခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်လင်းဟန်က ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်နေမှု ရှင်းလင်းပြောကြားပြီး နေပြည်တော်စက်မှုလယ်ယာဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးနှင့် တာဝန်ရှိသူများ၊ ငွေးပင်စံပြကျေးရွာ၊ စနစ်ကျလယ်ယာမြေအတွင်းရှိ စပါးစိုက်တောင်များက ခြောက်တန်းသွားကောက်စိုက်စက်ဖြင့် မိုးစပါးဆင်းသုခနှစ်ကေစိုက်ပျိုးမှုကို ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသိန်းဝင်းက တက်ရောက်လာသည့်ဌာနဆိုင်ရာများ၊ တောင်သူများအား ခြောက်တန်းသွား ကောက်စိုက်စက်၊ ထွန်စက်နှင့်တွဲဖက်အသုံးပြုသည့် အခြောက်ထွန်ရေးစိုက်ကွက်တွင် အတန်းလိုက် ပျိုးစေ့ချစက်၊ အစိုသမန်းစိုက်ကွက်တွင် အစေ့ချစက်များနှင့်ပတ်သက်၍ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်မှုများကို လိုက်လံရှင်းလင်းပြသပေးသည်။

**တင်စိုးလွင်**

## ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် နှစ်ဦး တွေ့ရှိ

**(၁၈-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၁၇-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၈-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၂၂၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၅) ရာခိုင်နှုန်း ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

### ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၈ - ၈ - ၂၀၂၃

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၆၀ ကျပ် | ၂၅၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၆၀ ကျပ် | ၂၅၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၂၅၀ ကျပ် | ၂၂၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၃၆၀ ကျပ် | ၂၄၁၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၉၀၀၀ | ၂၀၈၄ | ၁၈၆၂၆၉၀၀ |
| MTSH | ၃၁၀၀ | ၃၁၅၀ | ၄၅၄၂ | ၁၄၀၈၈၃၅၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၁၆၃ | ၁၃၀၃၈၀၀ |
| FPB | ၁၆၅၀ | ၁၆၅၀ | ၁၄၃ | ၂၃၅၉၅၀ |
| TMH | ၂၄၀၀ | ၂၃၅၀ | ၁၀၁ | ၂၄၂၃၅၀ |
| EFR | ၂၃၀၀ | ၂၃၅၀ | ၁၀၀၅ | ၂၃၁၁၇၅၀ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၂၅ | ၁၂၂၅၀၀ |
| MAEPC | ၁၉၅၀ | ၁၉၅၀ | ၄၆၃၈ | ၉၀၄၄၁၀၀ |

ညီညီ - စုစည်းသည်


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချိုးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အေးရိပ်မွန်အိမ်ရာ၊ တိုက်အမှတ်(၄၀)၊ အခန်းအမှတ်(၄၀၁)ကို ဌာနနှင့် အကျိုးတူဆောင်ရွက်သောယုဇနဆောက်လုပ်ရေးမှ ဒေါ်မေကြည်လွင် ၁၃/သပန(နိုင်)၀၂၉၈၀၆ကဝယ်ယူခဲ့ပြီး ၎င်းထံမှ အဆင့်ဆင့်စာချုပ်များဖြင့် ပြန်လည်ဝယ်ယူထားသူ ဦးမြင့်အောင် ၁၂/စခန(နိုင်)၀၅၉၄၃၄ ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်ပြုလုပ် ပေးပါရန်ဌာနသို့ လျှောက်ထားလာပါသည်။ ထုတ်ပေးရန်မသင့်ကြောင်းကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာန**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## မြေကွက်ဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၁၇ ရပ်ကွက်၊ ရတနာပုံလမ်း၊ အမှတ် (၉၆၉)၊ အကျယ်အဝန်းပေ (၄၀x၆၀)၊ ဧရိယာ စတုရန်းပေ ၂၄၀၀၊ ဦးကျော်မင်း OPO-၀၉၄၈၃၄ အမည်ပေါက် ပါမစ်အမျိုးအစားမြေ ကွက်(မီတာအပါအဝင်)နှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုလျက် လက်ရောက်ရရှိထားသူ ဦးဇော်ဝင်းထွန်း ၁၃/နဆန(နိုင်)၀၃၀၉၉၃ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုသူများအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသည့် သက်သေအထောက်အထားမူရင်းများကိုင်ဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝတ်ရည်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဂျူလိုင်မိုး (LL.B, D.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၅၂၀၇၃)**
**၅၄ရပ်ကွက်၊ ကျွန်းရွှေဝါလမ်း၊ အမှတ် (၁၃၀၇)**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၄၅၆၁၃၃၄၄၆**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာ စီမံကိန်းအဆင့်၊ ဇုန်(ဘီ)၊ တိုက်အမှတ်(ဘီ-၁)၊ အခန်းအမှတ်(၂၀၉)၊ Type(B)၊ Area(၉၄၆)Sqft ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ယဉ်မြတ်သွယ် ၇/ဝမန(နိုင်)၀၉၈၇၇၆ထံမှ အပြီးအပြတ် ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာ တမ်းများနှင့်အတူ ယခု ကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးမြကြည်ဖြူ**
**၁၁/ကတန(နိုင်)၀၇၆၄၂၇**
**ဖုန်း-၀၉-၇၉၂၀၅၄၄၅၆**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃)
## မရမ်းကုန်းခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၅၆

**ဒေါ်ကေသီနွယ်** — **လျှောက်ထားသူ**

**ကွယ်လွန်သူ ဒေါ်ပူတူးမ(ခ)ဒေါ်မြင့်မြင့်ခင် ၁၂/ဥကမ(နိုင်)၁၂၉၆၁၂၏ ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (က)ရပ်ကွက်၊ ခေမာသီလမ်းမကြီး၊အမှတ်(၆၇၇)၌နေထိုင်ခဲ့သောကွယ်လွန်သူဒေါ်ပူတူးမ(ခ) ဒေါ်မြင့်မြင့်ခင်၏ ကျန်ရစ်သောပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် လျှောက်ထားသူဒေါ်ကေသီနွယ်က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက် (၁၃၈၄ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ရက်) နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်ပူတူးမ(ခ) ဒေါ်မြင့်မြင့်ခင်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုး စီးပွါးသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင် ဆိုခဲ့သော ၂၀၂၂ခုနှစ်၊ စက်တင်ဘာလ ၁၁ရက်(၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ရက်)နေ့၌ မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်း လက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန်အမွေဆက်ခံခြင်း အက်ဥပဒေ ပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူဒေါ်ကေသီနွယ်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ဤအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၈ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန်းနိုင်ထွေး)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**မရမ်းကုန်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈) သုခမ္ဘာလမ်း၊ မြေကွက်အမှတ်(၃၈၆)၊ အကျယ်အဝန်းပေ (၄၀x၆၀)ရှိ ဒေါ်ကြင်အောင် အမည်ပေါက်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၈ ၁/၂)ထပ်တိုက်၏ ဆဌမထပ် (အေ-၆)၊ (ခေါင်းရင်းဘက်ခြမ်း)၊ အကျယ်အဝန်း(၁၈ ပေ x ၅၂ပေ) ရှိ တိုက်ခန်းအား ယခုရောင်းချသူ ဒေါ်ဝါဝါရွှေ ၁/ဗမန(နိုင်)၀၀၀၁၆၁မှ တရားဝင်လက်ရောက်ပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ လွတ်လပ်စွာရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုး ငွေ၏တစ်စိတ်တစ်ပိုင်းကို ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သက်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီး မြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်သီဂီစိုး(၇/ကတခ(နိုင်)၀၈၉၃၄၆) ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိမ့်ဖြူနိုင် LL.B,D.B.L,DML တရားလွှတ်တော်ရှေ့နေ (စဉ်-၉၈၇၇)**
**တိုက်(အေ၂)၊ အခန်း(၀၀၃)၊မြေညီ၊ ဒဂုံတက္ကသိုလ်ရိပ်မွန်အိမ်ရာ၊**
**ဒဂုံအရှေ့မြို့နယ်၊ ဖုန်း - ၀၉-၇၆၄၅၀၅၄၈၂၊ ၀၉-၅၅၀၅၄၈၂**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ မဟာဗန္ဓုလလမ်း၊ မြေကွက်အမှတ်(၁၀၆၄)၊ အကျယ်အဝန်း(၄၀' x ၆၀')၊ ဧရိယာ (၀.၀၅၅)ဧကရှိ နှစ် (၆၀) မြေငှားဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ BN(၁)ထပ် အဆောက်အအုံ၊ ရေမီးစုံအပါအဝင် ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့် အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အထက်ဖော်ပြပါ မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော BN (၁)ထပ် အဆောက်အအုံအပါအဝင် ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၏မြို့မြေစာရင်းတွင် ဒေါ်အေးအေးမြင့် (၆/ထဝန(နိုင်)၀၁၉၅၂၁) အမည်ဖြင့် ထွက်ရှိထားသည့် နှစ်(၆၀)မြေငှားဂရန် မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော BN(၁)ထပ် အဆောက်အအုံ ရေမီးစုံအပါအဝင် ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ဖြစ်သူထံမှ အရပ်ကတိအဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်သူဇာဝင်း (၁၃/လရန(နိုင်)၁၉၂၈၁၄) မှ ၎င်းကိုယ်တိုင် တရားဝင် ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေမီးစုံအပါအဝင် ယင်းမြေကွက်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက် စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက် လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ညိုမာ ( LL.B ) အထက်တန်းရှေ့နေ(စဉ်-၃၅၇၇၆)**
**အခန်းအမှတ် (308) Office Tower (3), Time City၊ ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၀၆၆၅၈၀၊ ၀၉-၉၆၀၇၂၀၃၇၄**

## ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆၇)၊ ရတနာလမ်း၊ (၁) မြေကွက်အမှတ် (၁၅၈)၊ အကျယ်အဝန်း (၆၄'x ၇၉')၊ (၅၀၅၆) စတုရန်းပေ၊ ဧရိယာ(၀.၁၁၆)ဧကနှင့် (၂) မြေကွက်အမှတ်(၁၃၇)၊ အကျယ်အဝန်း (၆၇'x ၇၉') (၅၂၉၃) စတုရန်းပေ၊ ဧရိယာ(၀.၁၂၁)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်(၂)ကွက်နှင့် တကွ ယင်းမြေကွက်(၂)ကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့် အရပ်ရပ်နှင့် ပတ်သက်၍ အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အထက်ဖော်ပြပါမြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြေယာဌာနမြို့မြေစာရင်းတွင် ဦးကျော်မင်းခိုင် (၉/မနမ(နိုင်)၀၀၆၈၇၂)၊ ဒေါ်အိအိစံ(၁၂/မဂတ(နိုင်)၀၀၈၉၀၅) တို့၏အမည်ဖြင့် မှတ်သားတည်ရှိပြီး ဦးကျော်မင်းခိုင်ထံမှ အမေရိကန်နိုင်ငံ မြန်မာသံရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ခင်ခင်စု(၉/မနမ(နိုင်)၀၉၃၀၇၈) နှင့် ဒေါ်အိအိစံထံမှ ရန်ကုန်မြို့ စာချုပ် စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၇၃၄၉/၂၀၁၈)အရ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်စန္ဒာဝင်း (၉/မနမ(နိုင်)၀၉၃၆၅၉) တို့သည် အမည်ပေါက်ပိုင်ရှင်များကိုယ်စား မိမိတို့မှ တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ၎င်းတို့ထံမှ အဆိုပါ မြေကွက်(၂)ကွက်နှင့်တကွ ယင်းမြေကွက်(၂)ကွက်နှင့် ပတ်သက်သော အကျိုးခံစားခွင့် အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ညိုမာ (LL.B ) အထက်တန်းရှေ့နေ (စဉ်-၃၅၇၇၆)**
**အခန်းအမှတ် (308) Office Tower (3), Time City၊ ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၀၆၆၅၈၀၊ ၀၉-၉၆၀၇၂၀၃၇၄**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၁)၊ ရတနာအိမ်ရာ၊ မြေကွက်အမှတ်(၂၅)၊ အကျယ်အဝန်း(၁၀၀' x ၁၀၄')၊ စတုရန်းပေ (၁၀၄၀၀)၊ ဧရိယာ (၀.၂၃၈)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အထက်ဖော်ပြပါ မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြို့မြေစာရင်းတွင် ဗိုလ်မှူးချုပ် စံထွန်း (၁၂/မရက(နိုင်)၀၅၇၈၂၂) အမည်ဖြင့် ထွက်ရှိထားသည့် နှစ်(၆၀)မြေငှားဂရန်မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်နှင့်တကွ ယင်းမြေကွက်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးစံထွန်းမှ တရားဝင်ပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါမြေကွက်နှင့်တကွ ယင်းမြေကွက်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်နေ့မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ညိုမာ ( LLB )**
**အထက်တန်းရှေ့နေ(စဉ်-၃၅၇၇၆)**
**အခန်းအမှတ် (308) Office Tower (3), Time City, ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၀၆၆၅၈၀၊ ၀၉-၉၆၀၇၂၀၃၇၄**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကွင်းအမှတ် (၄၉၅/အေ)၊ မြေကွက်အမှတ်(၁၃၉) အကျယ်အဝန်း (၁၀၀ပေ+၁၂၀ပေ) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးနိုင်ဝင်း (၇/ပခန(နိုင်)၄၁၉၆၈၀) ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက် အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကျော်လှိုင် LL.B,**
**အထက်တန်းရှေ့နေ (စဉ်-၄၃၆၈၈)**

Ph,09421746974

## အမည်မှန်

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ တန့်ယန်းမြို့ မိုင်းကောင်ကျေးရွာ နေဦးဒါဝိတ်၏သမီး အထက-၁ Grade-10 တွင် ပညာသင်ကြားနေသော ကျောင်းသူ၏ အမည်မှန်မှာ မရှဲမေ ဖြစ်ပါကြောင်းနှင့် ဖခင်အမည်မှန်မှာ ဦးဒါဝိတ်ဖြစ်ပါကြောင်း။ **ဦးဒါဝိတ်(တန့်ယန်းမြို့)**

## မွေးသက္ကရာဇ်အမှန်

ဟိုပန်မြို့၊ မန်ကောင်းရပ်ကွက်နေ ဦးအောင်ကြီး+ဒေါ်ရွှေသီတို့၏သမီး နန်းမွေဆိုင်ဟွမ် ၁၃/ဟပတ(နိုင်)၀၁၉၈၈၉ ၏ မွေးသက္ကရာဇ်အမှန်မှာ (၁၅-၉-၁၉၉၆) ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ အမှတ်(၄ ) ရပ်ကွက်၊ နယ်မြေ(၁၅)၊ အကွက်အမှတ်(၆၅/ခကွက်သစ်မြောက်)၊ ဦးပိုင်(၇၇)၊ ဧရိယာ(၀.၀၅၅)ဧကအား ဒေါ်ရီရီဝင်း ၁၃/လရန(နိုင်)၂၃၂၀၀၁မှ မြို့မြေခွန်ပြေစာများနှင့် မြေစာရင်းပုံစံ (၁၀၅/၁၀၆)ဖြင့် မြေငှားဂရန် အသစ်လျှောက်ထားလာရာကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း(၂၀)အတွင်း ခရိုင်ထွေ/အုပ်ရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂၊ အင်း၀(၁)လမ်း၊ မြေကွက်အမှတ်-၆၇၊ ပါမစ်မြေအမျိုးအစား၊ ဦးထွန်းရင်(PKU-၁၄၀၃၆၅) အမည်ပေါက်၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော(၂၀ပေx၆၀ပေ) (ခေါင်းရင်းခြမ်း)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အဆက်အစပ်အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီးရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ထိုက်ထိုက်အေးကျော် ၁၂/လမန(နိုင်)၁၁၄၀၈၈ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါကကျွန်ုပ်တို့ထံ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်သွားပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| ဒေါ်ခိုင်ဆုဝေ (LL.B) | ဒေါ်မိုးမီမီခိုင် (LL.B) |
| (စဉ်-၅၃၃၆၉) | (စဉ်-၅၃၄၉၁) |
| အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(၅၈)၊ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၅၅၆၇၇၆၁၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့နယ်၊ တိုးချဲ့ (၄)ရပ်ကွက်၊ ရွှေကံ့ကော်(၁)လမ်း၊ အိမ်ရာအဆင့် (က၈)၊ အိမ်ရာအကွက်အမှတ်(၁၆)၊ အကျယ်အဝန်း(၄၀x၆၀)ပေရှိ ဦးခွန်ကောင်းထက် အမည်ပေါက်အိမ်ခြံမြေအား ဆက်စပ်စာချုပ်ဖြင့် တရားဝင်လက်ရောက်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ငွေငွေမြင့်(ခ)ဒေါ်ငွေငွေအောင် ၁၂/ပဘတ(နိုင်)၀၀၇၆၆၃ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သင်းဟေမာန်စိုး ၁၃/ကလန(နိုင်)၀၈၁၉၃၇၇က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို(၁၆-၈-၂၀၂၂)ရက်တွင် ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအိမ်ခြံမြေအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြေညာပါ သည့်ရက်မှစ၍(၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဖြိုးအောင်မြင့် (LL.B, D.M.L, D.B.L,) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၇၅၇/၂၀၁၆)**
**အမှတ် (၂၄/ခ)၊ အနော်မာ(၁၉)လမ်း(အနောက်)၊ (၂/မြောက်)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph-09-450020302**

## အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဝဏ္ဏာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၈/ပုဗ္ဗသီရိရပ်) မြေကွက်အမှတ် (ပ-၂၂၂၇၁) အကျယ်အဝန်းပေ(၈၀x၆၀)၊ ဧရိယာ (၀.၁၁၀)ဧကရှိ မြေနှင့်ပတ်သက်၍ နေပြည်တော် စာချုပ်စာတမ်း မှတ်ပုံတင်အမှတ် (၁၀၀၀/၂၀၂၂) ၁၁-၃-၂၀၂၂ရက်တွင် ဦးမောင်မောင်အေး ၁၂/ရကန(နိုင်)၀၁၀၄၂၅ ကျွန်တော် ဦးဇင်မင်း သော်ထံသို့ လွှဲအပ်ထားသောအထူးကိုယ်စားလှယ်လွှဲစာကို ၁၈-၈-၂၀၂၂ ရက်မှစ၍ အပြီးအပိုင်ရုပ်သိမ်းပါကြောင်း အသိပေးကြေညာလိုက်ပါသည်။

**ဦးဇင်မင်းသော် (၈/ပခက(နိုင်)၂၁၈၃၉)**
**ဖုန်း-၀၉-၄၅၇၆၄၁၅၀၇**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9K/5520, Forland ,Dump Truck(4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မျိုးလွင် ၁၄/ပသရ(နိုင်)၁၁၃၆၂၉က ဖောင်းကြွနံပါတ်ပြားပျောက် လာရောက် လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက်ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/85291, Honda Dream -125 ယာဉ်လက်ဝယ်ရှိသူ N.C.X Myanmar Co.,Ltd.က (ကမ-၃)ပျောက် ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1G/8072, DAIHATSU HIJET S200P, VAN (4x2)(R) ယာဉ်လက်ဝယ်ရှိသူ AKT HOLDINGS CO.,LTD. က(ကမ-၃) ပျောက် ဆုံး၍မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9K/5520, Forland ,Dump Truck(4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မျိုးလွင်၁၄/ပသရ(နိုင်)၁၁၃၆၂၉ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် အောက်ဖော်ပြပါ Commercial Area များနှင့် လုပ်ငန်းများကို အိတ်ပိတ်တင်ဒါစနစ်ဖြင့် အငှားချထားခြင်း ဆောင်ရွက်မည်ဖြစ်ပါသဖြင့် အဆိုပြုလွှာများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ရန်ကင်းမြို့နယ်၊ မိုးကောင်းလမ်းနှင့် အောင်ဇေယျလမ်းထောင့်ရှိ ရွှေမိုးကောင်း အဆင့်မြင့်အိမ်ရာစီမံကိန်း Tower-J မြေညီထပ် Commercial Area

(ခ) အလုံမြို့နယ်၊ ကမ်းနားလမ်းရှိ Shwe Zabu River View Complex မြေညီထပ်နှင့် ပထမထပ်ရှိ Commercial Area

(ဂ) ရွှေပြည်သာမြို့နယ်၊ ဘုရင့်နောင်လမ်းနှင့် ပုလဲလမ်းကြား၊ သီရိမင်္ဂလာပတ်လမ်း၊ သာသာယာယာ ရွှေပြည်သာရှိ ရေကူးကန်၊ ဖူဆယ်အားကစားကွင်းနှင့်စားသောက်ဆိုင်လုပ်ငန်း

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၅-၈-၂၀၂၃ ရက်မှ ၈-၉-၂၀၂၃ ရက်ထိ

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ** - ဗိုလ်တထောင်မြို့နယ်၊ ကုန်သည်လမ်း၊ ၁၂၃/၂ ထပ်ရုံး၊ ၈-လွှာ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

၄။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်** - ၂၂ - ၉ -၂၀၂၃ ရက်

၅။ တင်ဒါစည်းကမ်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၏ ဖုန်း - ၀၉-၈၉၁၈၀၃၀၆၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ ရှင်းသာလမ်း၊ မြေကွက်အမှတ်( ၁၂ )၊ အကျယ်အဝန်း (၀.၀၄၉ - ဧက)ရှိ နှစ်(၆၀)ဂရန်မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဦးဝင်းတင်(၁၀/ရမန(နိုင်)၀၀၇၃၁၄)နှင့် ဒေါ်ညိုညိုခင် (၁၀/ရမန(နိုင်) ၀၀၇၃၁၃)တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက်စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ( ၇ )ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထိန်လင်းသန်း (LL.B, D.B.L, D.I.L, D.M.L.) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)

ဒေါ်ပြည့်ပြည့်ဖြိုး (LL.B, D.B.L, D.I.P.L.) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၀၄)

အမှတ်( ၇၂၅ )၊ ပြည်သာယာ(၂)လမ်း၊ ( ၃၂ )ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉၅၁၀၄၂၆၅ ၊ ၀၉၄၅၀၀၁၇၁၃၆ ၊ ၀၉၄၂၈၀၂၀၃၆၉

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/ဟိုတယ်ဇုန်အရှေ့ရပ်)၊ မြေကွက်အမှတ် (JM-၀၁၅)၊ မြေဧရိယာ (၁.၀)ဧကရှိ ဒေါ်ခင်ခင်ဝင်း(ခ)ကျန်ခွေ (ဘ)ဦးကြောင်ကျီဖာ ၁၃/လလန(နိုင်)၀၅၁၀၃၉ အမည်ပေါက်နှစ် ၃၀ မြေငှားစာချုပ် မြေကွက်ကို ဒေါ်ခင်ခင်ဝင်း(ခ)ကျန်ခွေထံမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲအပ်စာအမှတ် (၁၉၆၂/၂၀၂၃)၊ (၃-၇-၂၀၂၃)ရရှိထားသူ ဒေါ်အေးထူးတင့်(ခ)ဒေါ်မြသက်ချစ် (ဘ)ဦးတင်အောင်ချစ် ၁၃/ကလန(နိုင်)၀၈၁၃၃၀မှ ဦးပြည့်ဖြိုးမောင် (ဘ)ဦးမောင်မောင် ၈/စလန(နိုင်)၁၁၇၃၈၀နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံ ခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၄/တောင်)ရပ်ကွက်၊ မြို့မ(၂)လမ်း၊ အမှတ်(၅၉၂)၊ RC(၂)ခန်းတွဲ (၆)ထပ်တိုက်၏ မြေညီထပ် (တိုက်မျက်နှာမူလျှင်-လက်ဝဲဘက်ခြမ်း) အခန်း၊ ဧရိယာစတုရန်းပေ (၉၉၀)ရှိသော တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ရေမီးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည့်ဟု ဝန်ခံသော ဦးမြင့်စိုး ၁၂/သကတ(နိုင်)၀၅၆၉၂၈ နှင့် ဒေါ်စန်းမြင့် ၁၂/သကတ(နိုင်)၀၇၅၂၆၂ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးရဲထက်မြင့်အောင် ၁၂/ဥကမ(နိုင်)၂၆၀၀၃၇ က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

